မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၀)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၃၀-၉-၂၀၂၄၊ တနလာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဖြတ်ရောက်

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အဂ်ိရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ကျွဲလေးပါးတည်း။) (ဓမ္မပဒ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

မိတ္ထီလာဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသတစ်ခုဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲဝိုင်းတွင် မိတ္ထီလာမြို့ရှိကန်တော်မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ သို့ ○

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၃၀ ရက်၊ တနင်္လာနေ့။

စာဖတ်ဝါသနာ၏ အကျိုးကျေးဇူး

"စာအုပ်စာပေ လူမိတ်ဆွေ" ဆိုသည့် စကားအတိုင်း လူငယ်ကလေးများသည် စာအုပ်စာပေကို ချစ်မြတ်နိုးစွာ ဖတ်ရှုလေ့လာသင့်ပါသည်။ စာအုပ်စာပေများထဲမှ အကျိုးရှိသော အနှစ်သာရများကို ကောက်နုတ်မှတ်သားပြီး မိမိအတွက် အသုံးချသင့်သည်။ ယနေ့ခေတ်သည် IT နည်းပညာ ထွန်းကားသောခေတ်ဖြစ်သည်နှင့်အညီ လက်ကိုင်ဖုန်းနှင့်သော်လည်းကောင်း၊ ကွန်ပျူတာဖြင့် လည်းကောင်း မိမိတို့သိလိုသော အကြောင်းအရာများကို E-book ဖြင့် လေ့လာဖတ်ရှုသင်ယူနိုင်ပေသည်။ စာအုပ်စာပေမှ လူငယ်တို့ တိုးတက်ရေးနည်းလမ်းကောင်းများ၊ အတွေးအမြင်သစ်များ ရရှိလာမည်ဖြစ်သည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် စကားနှင့်အညီ အမှီနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်သောသူများဖြစ်ပေါ်လာရေးသည် ငယ်စဉ်အခြေခံကျောင်းသားဘဝကပင် စတင်ရမည်ဖြစ်သည်။

ကျောင်းသားလူငယ်၊ လူကြီးမရွေး စာဖတ်ခြင်းသည် ဗဟုသုတရရှိသည့်အပြင် အတွေးအခေါ်ကောင်းမွန်လာခြင်း၊ ဦးနှောက်ဆဲလ်စွမ်းရည် ရှင်သန်လာခြင်းများ ဖြစ်ပေါ်စေပါသည်။ စာဖတ်သူသည် စာဖဖတ်သူထက် အတွေးအခေါ်မြင့်မားပါသည်။ ထို့ပြင်စာဖတ်ဝါသနာကို ငယ်စဉ်ကျောင်းသား၊ ကျောင်းသူဘဝထဲက ပြုစုပျိုးထောင်ဖို့လိုအပ်မည်ဖြစ်သည်။ စာဖတ်ဝါသနာ၏ အကျိုးကျေးဇူးများကများပြားလှသည်။

စာပေမှရရှိသော ဉာဏ်ပညာသင်ခန်းစာများသည် မီးခိုးမဆုံး မိုးမဆုံးအောင် များပြားလှသည်။ စာအမျိုးမျိုးဖတ်ပြီး ပျော်ရွှင်ကြည်နူးမှုများနှင့် ရသစည်းစိမ်ကို တစ်ရှိက်မက်မက် ခံစားရမည်။ ကာတွန်း၊ ပုံပြင်များမှတစ်ဆင့် ဝတ္ထု၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ကျမ်းစာအုပ်များအထိ စာဖတ်ခြင်းနယ်ပယ် စာဖတ်ဝါသနာကို ပြုစုပျိုးထောင်သင့်သည်။ အပျော်ဖတ်အဆင့်မဟုတ်ဘဲ ဆင်ခြင်သတိနှင့် တွေးတောဖတ်ရှုလာနိုင်ရန် လိုအပ်မည်ဖြစ်သည်။

အခြေခံပညာမှအစ တက္ကသိုလ်အထိ ကျောင်းသားကလေးများအား စာရေးနည်း၊ ကဗျာစပ်နည်း၊ ဝတ္ထု၊ ဆောင်းပါးရေးနည်းများကို သင်ကြားပေးပြီး ကျောင်းတွင်းစာပေပြိုင်ပွဲများ ကျင်းပပေးသင့်ပါသည်။ အပြောစွမ်းရည်တိုးတက်အောင် ကျပန်းစကားပြိုင်ပွဲ၊ စကားရည်လုပွဲများကိုလည်း အလျဉ်းသင့်သလို ကျင်းပပေးရမည်ဖြစ်သည်။

စာပေနှင့် တွေ့ဆုံဖတ်ရှုနေရခြင်းသည် အလင်းထက်မြန်သောစိတ်ကို အလိုရှိရာ ဖြည့်စွမ်းပေးတတ်သည်။ ကမ္ဘာအနှံ့အပြားကိုလည်း စာထဲမှာ ခရီးဆန့်နိုင်မည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများနှင့် စာထဲမှာဆွေးနွေးနိုင်မည်။ စိတ်၏ အာဟာရဖြစ်သော ပညာဗဟုသုတမှန်သမျှကို စာဖတ်ခြင်းဖြင့် အကောင်းဆုံးဖြည့်စွမ်းနိုင်ပြီး ပျော်ရွှင်မှုအပေါင်းခမ်းခမ်းမည်ဖြစ်သည်။ ပညာဗဟုသုတနှင့် စေတနာကောင်းများကို မွှေးဆော်ပေးတတ်သော စာဖတ်ခြင်းသည် စိတ်၏အာဟာရကို ပြည့်ဝစေသည်။ ဉာဏ်အမြော်အမြင်လည်း ကြီးမားစေသည်။ ရှေးလူကြီးတို့၏ အယူအဆအကောင်းဆိုးနှင့် အတွေ့အကြုံကောင်းများကို မှတ်သားသိရှိနိုင်သည်။

သို့ဖြစ်ရာ တွေးခေါ်ဆင်ခြင်မှုသည် ဗဟုသုတအပေါ်တွင် အခြေပြုသည်။ ဗဟုသုတသည် စာဖတ်အားပေါ်တွင် အခြေပြုနေသည်။ စာဖတ်အားသည် ဝါသနာပေါ်တွင် အခြေပြုသည်။ စာဖတ်ဝါသနာသည်သာလျှင် တွေးခေါ်ဆင်ခြင်တတ်မှုကို အထောက်အကူအပြုဆုံးဖြစ်သည်။ စာဖတ်ဝါသနာ၏ အကျိုးတရားသည် လူတစ်ဦးကိုသာမက လူမျိုးနှင့် နိုင်ငံအတွက်လည်း ကြီးမားသောတိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်စေကြောင်း ရေးသားလိုက်ရပေသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များ သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၂၉

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များ သင်တန်းဆင်းပွဲအခမ်းအနားကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး ပညာရေးဒီဂရီကောလိပ်၊ ပညာတန်ဆောင်ခန်းမတွင် စက်တင်ဘာ ၂၈ ရက်နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံမင်းသွင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်၊ စာရင်းကောက်များ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ အသီးသီး ပေးအပ်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်ပြီး ချမ်းအေးသာစံမြို့နယ်အနေဖြင့် ရပ်ကွက်(၂၀)၊ စာရင်းကောက်ကွက်(၂၅၆)ကွက်ရှိကာ စာရင်းစစ် (၂၃)ဦး၊ စာရင်းကောက် (၁၀၆)ဦးတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၇၂)

ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတို့များစာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၂၉

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲဒွေရောင်ရပ်ကွက်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၌ စာရေးဆရာ မင်းလပြည့် (ဟားခါး)ရေးသားစာသည့် ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတို့များ စာအုပ်ဖြင့် ရေးသူ၊ ဖတ်သူ စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီ၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းနာယကဦးကံလှ(မောင်လူလှ-ဇေယျာဦး)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်က-ကိုရွှေမော်)နှင့် မြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ကြသည်။

(ဝဲပုံ)

ရွှေဦးစွာ စာရေးဆရာဦးလှဘော်(မောင်လှဘော်-မဒုံသုပင်)က မုဒိတာစကား ပြောကြားပြီး မင်းလပြည့်(ဟားခါး)က ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတို့များ စာအုပ်ထုတ်ဝေခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတို့များ စာအုပ်နှင့်ပတ်သက်၍ စာရေးဆရာများဖြစ်ကြသော ဆရာဦးကံလှ၊ ဆရာဦးဌေးအောင်၊ ဆရာဦးမောင် မောင်၊ ဆရာဦးအောင်မင်းဦးနှင့် ဆရာ ဦးဖိုးဝင်း(အရာတော်)တို့က စာအုပ်အပေါ် ရေးသူ၊ ဖတ်သူ စာဖတ်ဝိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၂၉

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ဝူရှူးပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်၊ ၂၉ ရက်နေ့များတွင် နံနက်ပိုင်းမှစ၍ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအားကစားကွင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီးဝူရှူးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဝူရှူးဒိုင်အဖွဲ့များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ အခြေခံပညာကျောင်းများနှင့် ဝူရှူးကလပ်များမှ ပြိုင်ပွဲဝင်အားကစားသမားများ (၇၀)ဦးနှင့် ဝူရှူးအားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်အေးက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် ပြိုင်ပွဲအမျိုးအစားသက်တမ်းအလိုက် ဝူရှူး(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲကို ပြုလုပ်ရာ ဒိုင်အဖွဲ့တို့က အမှတ်ပေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းကို ပြုလုပ်ရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဝူရှူးပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)ချန်းချမ်း၊ နန်းချမ်း၊ ထိုက်ချီ၊ လက်နက်တို့ကျန့်၊ လက်နက်တိုသောင်း၊ လက်နက်တိုနန်းသောင်း၊ ထိုက်ချီကျန့်၊ လက်နက်တို(ကျား)၊ လက်နက်ရှည်ကွန့်၊ လက်နက်ရှည်နန်းကွန့်၊ လက်နက်ရှည်လုံနှင့် တွဲလိုက်ပြိုင်ပွဲတို့မှ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ရွှေ၊ ငွေနှင့် ကြေးတံဆိပ်များကို အသီးသီးပေးအပ်ချီးမြှင့်ပြီးနောက် ဆုရရှိကြသော အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲအား ပြုလုပ်ခြင်းသည် တိုင်းဒေသကြီးအတွင်း ရှိ ရွက်ပုန်းသီး ဝူရှူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ကြောင်းနှင့် ပဋိသန္ဓေခံမြှောက်အမျိုးသားအားကစားပွဲတော်တွင် အောင်မြင်မှုရရှိရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ပန်းမိုးမြဲ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆ ၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမဆောက်လုပ်မည့် လျာထားမြေနေရာကို ကြည့်ရှုစဉ်။

○ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဒေါက်တာညွှန့်ဇေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်းရှိ လမ်းမကြီးများ၊ မြို့၊ ရွာချင်းဆက်လမ်းများ ဝဲ၊ ယာ၌ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု၊ ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသ၏အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မိတ္ထီလာခရိုင်ဆိုင်ရာအချက်အလက်များနှင့် ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြား

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာခရိုင်အတွင်း ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ မြေအသုံးချမှုများနှင့် ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းဥပဒေအတိုင်းသာဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ကေများ၌ အကျိုးရှိပြီး ဈေးကွက်ရနိုင်မည့်သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများ လုပ်ငန်းအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်၊ တမံများ၊ ရေထုတ်မြောင်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဆည်ရေသောက်ဧရိယာများအတွက် ရေရှိရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ မြစ်မံးရောင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ မိတ္ထီလာခရိုင်အတွင်း ပညာရည်မှဲ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို အသီးသီးဆွေးနွေးပြောကြားကြသည်။

မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာဒေသနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆုံးသည့် နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာဒေသ၏အကျယ်အဝန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၏ အကျယ်အဝန်းမှာ ကွာဟမှုအနည်းငယ်သာရှိသကဲ့သို့ လူဦးရေအနေဖြင့်လည်း မိတ္ထီလာတွင် ကိုးသိန်းကျော်ခန့် ရှိပြီး နေပြည်တော်တွင် တစ်သန်းကျော်ခန့်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်း၌ ရှိသည့်အပြင် ကုန်သွယ်မှုတွင် ဗဟိုကျပြီး အချက်အချာကျသည့်မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သွားလာမှုနှင့် ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်ကြောင်း။

ပညာရေးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနိုင်ရမည်

ပညာရေးနှင့် ပတ်သက်၍လည်း အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်သဖြင့် ပညာရေး အားပေးမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း။ စာမျက်နှာ ၄ သို့ ○

○ **အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လို**

○ **စည်းကမ်းစနစ်ကျနသည့် လူအဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်**

❍ စာမျက်နှာ ၃ မှ

ပညာရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် KG + 12 အထိ တက်ရောက်နိုင်သည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သာ ပညာသင်ကြားနေကြကြောင်း၊ ၂၀၁၉ ခုနှစ် နောက်ပိုင်းတွင် ကျောင်းတက်ရောက်မှုများ လျော့နည်းလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းများကြောင့်လည်း စာသင်ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း၊ အနာဂတ်တွင်ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝ မနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့် စည်းကမ်းများ လိုက်နာမှုကွာဟသွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးအဆင့် KG + 12 အထိ သင်ကြားနိုင်မည်ဆိုပါက စည်းကမ်းများကောင်းမွန်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ် လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာတတ်များ ပေါကြွယ်ဝအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးနည်းပညာများကို အသုံးချနိုင်ရန်လိုကြောင်း။ ထိုသို့ဆောင်ရွက်မှသာလျှင် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ပြီး လုပ္ငန်းဝင်ငွေများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိရိုးဖလာစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာခရိုင် အတွင်း ဆန်ပဲလုံမှုအနေဖြင့် နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ တစ်ဇကချင်းအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးသမျှအကျိုးကို ခံစားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုများတစ်ဇကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဆန်ဖူလုံမှုများ တိုးတက်လာပြီး ဒေသဝင်ငွေကိုပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြေခံစားကုန်များဖူလုံမှုမရှိပါက ပြင်ပမှ ဝယ်ယူစားသုံးရမည်ဖြစ်ပြီး ဒေသတွင်းမှ ငွေများ ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်း ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းလည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး တာဝန်ရှိသူများအနေဖြင့် အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း။

မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အဖြင့်ကျယ်ကျယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဝွမ်းများမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည် ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များတင်သွင်းနေရမှုကို လျော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသအနေဖြင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ချည်ထည်၊ အထည်အလိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမကို ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်အကျိုးရှိနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။ အထွက်နှုန်းနှင့်ပတ်သက်၍ စိုက်ပျိုးသည့်သီးနှံအမျိုးအစားများအလိုက် ကောက်ကွက်များ ပြည့်မီစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အခြေခံများရရှိမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး ဆောင်ရွက်သွားရန်လည်း လိုကြောင်း၊ စနစ်တကျစိုက်ပျိုးမှုများကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ အားထည့်၍ ဆောင်ရွက်သွားရန်လိုပြီး အချိန်ကိုအကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသတွင်တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အဖြင့်ကျယ်ကျယ်ဖြင့် အတူတကွ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမ ဆောက်လုပ်မည့်လျာထားမြေနေရာအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါကြွယ်ဝအောင် ဆောင်ရွက်သွားရမည်

☆ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှပြည်ပနိုင်ငံများသို့သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်

☆ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

»» စာမျက်နှာ ၂၄ မှ

ဦးစားပေး ဆောင်ရွက်သွားရန် လိုပြီး နောင်အလားတူဖြစ်ရပ်မျိုး ဖြစ်ပေါ်လာပါက ခံနိုင်ရည်ရှိစေရေးအတွက် စနစ်တကျ သုတေသနပြု တွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်မည့် ရထားလမ်းပိုင်း နေရာများနှင့် အသစ်တည်ဆောက်မည့် ရထားလမ်းပိုင်းနေရာများ၌ ရေဝင်ရေထွက် ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန် လိုသကဲ့သို့ တံတားနေရာများ၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာမည့်ရေစီးကြောင်း အရှိန်ကို ထိန်းနိုင်မည့် ကျောက်စိန်ရံများ ဆောင်ရွက်ခြင်း၊ ချောင်းဖြောင့်ခြင်းတို့ကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန် လိုကြောင်း၊ အဆက်အသွယ် ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးအောင် စီမံဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရေစီးအားဖြင့် မျောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတားပေ ၉၀ ထိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးရထားလမ်းပြုပြင်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါတံတားပြုပြင်နေမှုနေရာမှ သံတောဘူတာအထိ ရထားစီးနင်းလိုက်ပါခဲ့ပြီး သံတောဘူတာသို့ ရောက်ရှိပြီးနောက် သံတော - ဝမ်းတွင်း - မိတ္ထီလာ လမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကာ လမ်းကြောင်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများ၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စမုဒ္ဒရောင်းတံတားပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထားလမ်းပြုပြင်နေသည့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။

ပုဂံရွှေဟောင်းသုတေသနပြတိုက်တွင် ဓာတ်ပုံများကို Digital နည်းပညာဖြင့် ပြသရန် စီစဉ်ထားရာ မကြာမီ ပြသနိုင်တော့မည်

မန္တလေး စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရွှေဟောင်းသုတေသနပြတိုက်ရှိ ပြခန်းများတွင် ဓာတ်ပုံများကို Digital နည်းပညာဖြင့် ပြသရန်စီစဉ်ထားရှိရာ မကြာမီ ပြသနိုင်တော့မည်ဟု ပြတိုက်မှ တာဝန်ရှိသူက ပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သြဂုတ်အတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ၂၀၀၀ ကျော်လာရောက် လေ့လာခဲ့ ကြဖြီး ကျောင်းဝိတ်ရက်နှင့် ရုံးဝိတ်ရက်များတွင် ပိုမိုများပြားသည် ဟု ဆိုသည်။

"ကျောင်းဝိတ်ရက်တွေမှာ ပြခန်းကို လာရောက်လေ့လာကြည့်ရှုကြသူတွေ ပိုများပါတယ်။ ဓာတ်ပုံတွေ စုဆောင်းပြီး Digital နည်းပညာနဲ့ ပြသဖို့အတွက် ဓာတ်ပုံမှတ်တမ်းတွေ စုဆောင်းတာ ပြီးသွားပါပြီ။ မကြာမီ ပြသနိုင်တော့မှာပါ" ဟု ၄င်းကပြောသည်။

ပုဂံရွှေဟောင်းသုတေသနပြတိုက်တွင် ရှေးမူမယျက်လက်ရာများကို ပြသထားပြီး ပြခန်းပေါင်း ၁၀ ခန်းရှိရာ အပေါ်ထပ်တွင် ပြခန်း ၄ ခန်းနှင့် အောက်ထပ်တွင် ၆ ခန်းရှိကြောင်း၊ ပြတိုက်ဝင်ကြေးမှာ ပြည်တွင်းခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ ပြည်ပခရီးသွားဧည့်သည် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။

"သြဂုတ်လမှာ ပြည်တွင်းခရီးသွား ၁၉၉၉ ဦးနဲ့ ပြည်ပဧည့် ၂၈ ဦး လာရောက်လေ့လာပါတယ်။ Digital နည်းပညာနဲ့ဆောင်ရွက်ထားတဲ့ ဓာတ်ပုံပြခန်း ပြသရင် ပိုပြီးပြည့်စုံသွားမယ်။ အသက် ၁၂ နှစ်အောက်ရယ်၊ ကျောင်းသားတွေနဲ့ သံဃာတော်တွေဆိုရင် ဝင်ကြေးအခမဲ့နဲ့ လေ့လာလို့ရပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ပုဂံရွှေဟောင်းယဉ်ကျေးမှုပြတိုက်ကို တနလ်ဒနှင့် အများပြည်သူရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ဖွင့်လှစ်ထားသည်ဖြစ်၍ ရှေးဟောင်းလက်ရာများကို လာရောက် လေ့လာနိုင်ကြောင်း သိရသည်။ (ခဲပုံ)

(မန္တလေးနေ့စဉ်-၉)

သတင်းရေးသားတည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်

ပြင်ဦးလွင် စက်တင်ဘာ ၂၉

ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်စေရေးနှင့် သတင်းများရေးသားထုတ်ပြန်ရာတွင် စနစ်တကျရှိစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် သတင်းရေးသားတည်းဖြတ်နည်းသင်တန်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါလွင်က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် သင်တန်းနည်းပြအဖြစ် ပြင်ဦးလွင်ခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးဇော်မျိုးထိုက်က ပြင်ဦးလွင်ခရိုင်ရုံးမှ ဝန်ထမ်းများအား သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်နည်းနှင့်ပတ်သက်၍ သင်ကြားပေးခဲ့သည်။

သတင်းရေးသားတည်းဖြတ်နည်းသင်တန်းကို စက်တင်ဘာ ၂၅ရက်မှ ၂၆ရက်အထိ နံနက် ၉နာရီမှ ၁၂နာရီအထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါသင်တန်းတွင် ပြင်ဦးလွင် ခရိုင်ရုံးမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀ ဦး ပါဝင်တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

သွေးသွေး(ခရိုင်ပြန်/ဆက်)

o-o-o-o-o

နိုင်ငံရေးပါတီ (၂၆)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ (၂၆)ပါတီ၏
ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂) ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အဦများ၊ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ပျက်တွေ့ကြုံခံစားနေရမှုများကို ပြည်သူလူထုတစ်ရပ်လုံးက လိုလားကြခြင်းလည်း မရှိကြပါ။

၃။ မကြာမီရက်ပိုင်းကလည်း နိုင်ငံအနှံ့အပြားတွင် သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုဒဏ်ကို နှစ်ပေါင်း (၅၀/၁၀၀)အတွင်း အဆိုးရွားဆုံးဖြစ်စဉ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အလျင်အမြန်ပြန်လည်ဆောင်ရွက်နိုင်ရန် တည်ငြိမ်၊ အေးချမ်း၊ လုံခြုံမှုမှာ အထူးလိုအပ်ချက်ဖြစ်ပါသည်။

၄။ ယခုအခါ ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းစဉ်ကြီး အဆင်ပြေအေးချမ်းစွာ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ လည်းကောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးအတွက် လည်းကောင်း၊ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် အထောက်အကူပြုနိုင်မည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အား တည်ငြိမ်အေးချမ်းစွာဖြင့် အချိန်မီဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်ရန်လိုအပ်ချက်အရ လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်ဖြစ်စေ၊ ရွေးကောက်ပွဲလမ်းကြောင့်ဖြင့်ဖြစ်စေ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ပါ၍ အထက်အပိုဒ်ပါ ထုတ်ပြန်ကမ်းလှမ်းချက်သည် ပြည်သူ့တစ်ရပ်လုံး၏ အမှန်တကယ်လိုလားချက်အား ကိုယ်စားပြုရာရောက်သည့် နိုင်ငံတော်၏အပြုသဘောဆောင်သော ကမ်းလှမ်းချက်ဖြစ်သောကြောင့် လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏အကျိုးကိုရှေးရှုသော လိုက်နာပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ရှုမြင်ပါသဖြင့် ၎င်းထုတ်ပြန်ချက်အပေါ် ကျွန်ုပ်တို့ နိုင်ငံရေးပါတီများက အပြည့်အဝထောက်ခံအပ်ပါကြောင်း ပူးတွဲသဘောထားထုတ်ပြန်အပ်ပါသည်။

စဉ်	အမည်	ပါတီတာဝန်	ပါတီအမည်	လက်မှတ်
၁။	ဦးစင်ရီ	ဥက္ကဋ္ဌ	ပြည်ထောင်စုကြိုးစိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	
၂။	ဦးဌေးကျော်	ဥက္ကဋ္ဌ	မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ	
၃။	ဦးခေါတိန့်	အတွင်းရေးမှူး	ဒီမိုကရေစီပါတီသစ်(ကချင်)	
၄။	ဦးဟန်ရွှေ	ဥက္ကဋ္ဌ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	
၅။	ဦးအေးကြိုင်	ဥက္ကဋ္ဌ	ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ	
၆။	ဦးလီပေါ်ရဲ့	ဥက္ကဋ္ဌ	လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုးလေးပါတီ)	
၇။	ဦးဦးသန်းဌေး	ဒုတိယဥက္ကဋ္ဌ	ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၈။	ဦးထွန်းအောင်	ဥက္ကဋ္ဌ	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၉။	ဦးသိန်းကြည်	ဥက္ကဋ္ဌ	အမျိုးသားနိုင်ငံရေးပဟာဓိတ်များအဖွဲ့ချုပ်ပါတီ	
၁၀။	ဦးကျော်ဇင်	ဥက္ကဋ္ဌ	ပြည်သူ့အလုပ်သမားပါတီ	
၁၁။	ဦးကျော်ဇွာဝိုး	ဥက္ကဋ္ဌ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	
၁၂။	ဦးတင်ဆွေ	ဒုတိယဥက္ကဋ္ဌ	ဒီမိုကရက်တစ်ပါတီ	
၁၃။	ဒေါ်တင်တင်မာ	ဥက္ကဋ္ဌ	ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ	
၁၄။	ဦးစိုင်းအိုက်ပေါင်း	ဥက္ကဋ္ဌ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူးပါတီ)	
၁၅။	ဦးစံသာအောင်	ဥက္ကဋ္ဌ	မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ	
၁၆။	ဦးနိုင်မင်း	ဒုတိယဥက္ကဋ္ဌ	အမျိုးသားဒီမိုကရေစီပါတီသစ်	
၁၇။	ဦးအောင်ဖြိုးကျော်	နာယက	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	
၁၈။	ဦးအောင်ဘ	ဗဟို အလုပ်အမှုဆောင်	ခူမီး အမျိုးသားပါတီ	
၁၉။	ဒေါ်ဝင်းကေခိုင်အေး	ဥက္ကဋ္ဌ	အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ	
၂၀။	ဒေါ်စောယုမာ	ဥက္ကဋ္ဌ	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ	
၂၁။	ဦးထွန်းအောင်ကျော်	ဥက္ကဋ္ဌ	ခေတ်သစ်ပြည်သူ့ပါတီ	
၂၂။	ဦးမြင့်သန်း	ဥက္ကဋ္ဌ	လေဘာပါတီ	
၂၃။	ဦးသန်းဦး	ဒုတိယဥက္ကဋ္ဌ	၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	
၂၄။	ဦးအေးလွင်	ဥက္ကဋ္ဌ	ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ	
၂၅။	ဦးပါစီပြည်ဟိန်း	ဥက္ကဋ္ဌ	လှထုပါတီ	
၂၆။	ဒေါ်စန္ဒာဦး	ဥက္ကဋ္ဌ	မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ	

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲ ဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်း ဖိတ်ခေါ်ခြင်းကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် အဖွဲ့အစည်းအသီးသီးမှ ကြိုဆိုထောက်ခံကြောင်း သဘောထားများ ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့် သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝေဂလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝေဂလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝေဂလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝေဂလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝေဂလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဇဝေဂလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာ

ပြည်သူ့အကျိုးစီးပွားကို ရည်ရွယ်ကာ ကြိုဆိုထောက်ခံကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ကြိုဆိုထောက်ခံကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ကမ်းလှမ်းချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သဘောထားထုတ်ပြန်ချက်

ကြေညာချက် (၈/၂၀၂၄)
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်၊ တနင်္ဂနွေနေ့

၁။ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့်ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်အား မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆက်သွယ်ဆောင်ရွက်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ချက်ကို ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

မြန်မာနိုင်ငံစာရေးဆရာအသင်းက သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင် တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံတော်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့် သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ ကမ်းလှမ်းဖိတ်ခေါ်ချက်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ကကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့သည့် နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ချက်အား ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)

သန္တာန္တမူပါလက(ဟိန္နျ)အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့်အတွက် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည် ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် သန္တာန္တမူပါလက(ဟိန္နျ)အဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သန္တာန္တမူပါလက(ဟိန္နျ)အဖွဲ့ချုပ်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ သဘောထားထုတ်ပြန်ချက်

(၂၉ - ၉ - ၂၀၂၄)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်း ဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအပေါ် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအား ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၂၉ - ၉ -၂၀၂၄)

မြန်မာနိုင်ငံ ဇဝဲဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဇဝဲဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇဝဲဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္နျဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္နျဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္နျဘာသာရေးဗဟိုအဖွဲ့ချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္နျဖောင်ဒေးရှင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္နျဖောင်ဒေးရှင်း (ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္နျဖောင်ဒေးရှင်း(ဗဟို)

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၆-၉-၂၀၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့် သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ် ခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

ယုံကြည်ခြင်း ဇဝဲဂေလီအသင်းတော်(ပဲခူး)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည် ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ယုံကြည်ခြင်း ဇဝဲဂေလီအသင်းတော်(ပဲခူး)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ယုံကြည်ခြင်း ဇဝဲဂေလီအသင်းတော်(ပဲခူး)

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ချက်အား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

ရန်ကင်းတောင်ကျေးရွာ၊ ရန်မျိုးအောင်ဓာတ်ပေါင်းစုစေတီတော် အောက်ဌာပနာတော်သွင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် အဆင့်ဆင့် တင်လျှူပူဇော်ခြင်း အခမ်းအနား ပြုလုပ်

ပုသိမ်ကြီး စက်တင်ဘာ ၂၉

ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ ရန်ကင်းတောင်ကျေးရွာရှိ ရန်မျိုး အောင်ဓာတ်ပေါင်းစုစေတီတော် အောက်ဌာပနာတော်သွင်းလှူ ပူဇော်ခြင်းနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ခြင်းတို့အား အဆို ပါ စေတီတော်ရင် ပြင်၌ ယမန်နေ့ နံနက် ၇ နာရီ အချိန် ကပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဌာပနာသွင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အဆင့်ဆင့် တင်လှူပူဇော်ခြင်း၊ မင်္ဂလာခဲ့ပွဲ မင်္ဂလာအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဥပဒေချုပ် ဦးမြင့်အောင်၊ ခရဖ(အမရ) ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ပသက(မစဖ) ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုကုသိုလ်ပြုခဲ့သည်။

အခမ်းအနားတွင် ရန်ကင်းတောင်ကျေးဆရာတော် ဘဒ္ဒန္တ ဝါသဝ အရှင်သုမြတ်ထံမှ ငါးပါး သီလခံယူပြီး ပရိတ်တရားတော်များ နာယူခဲ့ကြကာ ဌာပနာတော်များနှင့် စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီးအား ရည်မှန်း၍ ဆရာတော်အရှင်သုမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ယင်နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဗောဓိရွေညောင်ပင်၊ ငွေညောင်ပင်အား ဌာပနာသွင်းခြင်းတို့အား မင်္ဂလာချိန်အတိုင်း အဆင့်ဆင့်ပြုလုပ်ခဲ့ကြပြီး ဆရာတော်ဘဒ္ဒန္တဝါသဝ အရှင်သုမြတ်နှင့် သံဃာများက ဘုရားအနေကဇာတင် ပူဇော်ခဲ့ကာ ဆရာတော်ထံမှ ရေစက်ချနှင့် အနုမောဒနာတရားနာယူကြည်ညိုခြင်းများ ပြုလုပ်ခဲ့ကြကာ အခမ်းအနားကို ဇွဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုဆုတောင်း၍ နံနက် ၈ နာရီ ၁၅ မိနစ်တွင် အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရသည်။

(၀၅၄)

o-o-o-o-o

ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၂၉

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး ပြည်နယ်ဥပဒေအရာရှိများ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲမှ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို မန္တလေးမြို့ပညာရေးဒီဂရီကောလိပ်၊ ပညာတန်ဆောင်ခန်းမတွင် စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲဝင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းက ဦးစီးဌာနအသီးသီး၏ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းခဲ့ကြသည်။

ဆက်လက်၍ မဟာအောင်မြေခရိုင် ၊ အောင်မြေသာစံခရိုင် အမရပူရခရိုင်၊ တံတားဦးခရိုင်၊ သပိတ်ကျင်းခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင် ဥပဒေရုံးများမှ ခရိုင်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ တင်ပြကြရာ တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ တောင်သာမြို့နယ်၊ ငါန်းဖွန်မြို့နယ် ဥပဒေရုံးများမှ အရာထမ်းအမှုထမ်းများကလည်း Zoom Metting ဖြင့် တက်ရောက်ခဲ့ကြသည်။ **(မန္တလေးနေ့စဉ်-၉)**

စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၂၉

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်(၈)ရပ်ကွက်ရှိ အ.ထ.က (၂၇)၊ အောင်တံခွန်ခန်းမ၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌ ဗိုလ်မှူးဝင်းအောင်မျိုးနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးဦးတို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်းက သန်းခေါင်စာရင်းဆိုင်ရာ လုံခြုံရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လဝက ဦးစီးမှူး ဦးအောင်သွင်က သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများအား ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများနှင့် ချိတ်ဆက်တွေ့ဆုံကာ သန်းခေါင်စာရင်းကောက်ယူခြင်းတို့ကို ရှင်းလင်းပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်း ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသားများက အကွက်(၀၀-၁၀)၊ အကွက်(၀၀-၁၁)တို့ရှိ နေအိမ် (၅၂)အိမ်တို့အား သင်တန်းလေ့ကျင့်ရေးအဖြစ် သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူခဲ့ရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက ကြည့်ရှုအားပေးကြပြီး လိုအပ်ချက်များ ပေါ်ပေါက်ပြဿနာ ပေးကြသည်။

အဆိုပါ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌ ဗိုလ်မှူးဝင်းအောင်မျိုး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လဝက ဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ Volunteer များနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။ (PNT)

ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့် ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့် ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်(၁၀)နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဆင်အက အလှပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဦးအောင်ဇော်ဦးက ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များအတိုင်း သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုကြေးများကို လည်းယခင်နှစ်များထက် ပိုမိုချီးမြှင့်သွားမည်ဖြစ်ကြောင်း နှင့် ဆင်အကအလှပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲများ အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် အခက်အခဲများရှိပါက ဆွေးနွေးတင်ပြကြစေလိုကြောင်း နှင့် ဘော်ကြယ်၊ ရိုးရာ၊ ကလေးဆင်အဖွဲ့များအနေဖြင့် ပြိုင်ပွဲများအလိုက် ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသော မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲများက ယခင်နှစ်များက ကြုံတွေ့ရသည့် အခက်အခဲများ အကြောင်း အသီးသီးတင်ပြကြရာ လုပ်ငန်းများအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

o-o-o-o-o

ပြည်သူအားလုံးပါဝင်လို့ ခွဲပေါင်းညီညွတ်သန်းခေါင်စာရင်း ကောက်ကြစို့

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သော စာရင်းဇယားများထားရှိရန်လိုသည်။ နိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာ ခန့်မှန်းနိုင်ရန် အတွက် သန်းခေါင်စာရင်းကောက်ယူခြင်း နည်းလမ်းသည်သာ အမှန်ကန်ဆုံးသော နည်းလမ်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံများက လက်တွေ့ကျင့်သုံးဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူသော အစဉ်အလာ သမိုင်းကြောင်းများ ရှိခဲ့ပါသည်။ ထိုသို့ ကောက်ယူနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP)ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှု သမိုင်းကို လေ့လာကြည့်ပါက မြန်မာဘုရင်ခေတ်၊ သန်းခေါင်စာရင်းကောက်ယူမှု၊ ကိုလိုနီခေတ် သန်းခေါင်းစာရင်းကောက်ယူမှု၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် သန်းခေါင်စာရင်းကောက်ယူမှု၊ တော်လှန်ရေးကောင်စီတက်ပြီးနောက်ပိုင်း သန်းခေါင်စာရင်းကောက်ယူမှုဟူ၍ ခွဲခြားတွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်က လူဦးရေနှင့် သန်းခေါင်စာရင်းအရေအတွက် ကောက်ယူခဲ့ခြင်းကို 'စစ်တမ်း' ကောက်ယူသည်ဟု ဆိုသည်။ စစ်တမ်းသည် အခွန်ကောက်ခံရေး၊ စစ်သားစုဆောင်းရေးအတွက် အဓိက ဆောင်ရွက်ခြင်းဖြင့် ခန့်မှန်းလူဦးရေစာရင်းများ ရရှိနိုင်ပါသည်။ ထို့အပြင် မြို့ရွာများ၌ အခွန်ကောက်ပုံမှင်းလင်းသောအခါများတွင်လည်းကောင်း၊ မင်းက အခွန်ဘဏ္ဍာလျှော့ပေါ့သည်ဟု ထင်မြင်သောအခါတွင်လည်းကောင်း စစ်တမ်းများကောက်ယူလေ့ရှိသည်။ စစ်တမ်းတွင် မည်သည့်ခုနှစ်၊ မည်သည့်နေ့၌ မည်သူအား စစ်မေးပုံ၊ နယ်မြေသိမ်းပုံ၊ အုပ်ချုပ်သူတို့၏ မျိုးရိုးနယ်မြေအပိုင်းအခြား၊ မြေအမျိုးအစားသီးနှံနှင့် အခွန်ကောက်ခံပုံ၊ ပစ္စည်းရောင်းဝယ်ရာ၌ အခွန်တော်ပေးရပုံ၊ ထွက်ကုန်အပေါ် အခွန်ကောက်ခံပုံ၊ ဘုရင်က မြို့သူကြီးအပေါ် တာဝန်ပေးထားပုံ၊ မြို့သူကြီးကွယ်လွန်ပါက သင့်ြပ်ာ်ရမည့် ထုံးစံ၊ မြို့စားနယ်စားတို့က ဘုရင်ထံ လက်ဆောင်ပေးရပုံတို့ ပါဝင်သည်။

စစ်တမ်းကောက်ယူသော ကာလကို မသိရသော်လည်း ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀ ခန့်က တကောင်းမင်းဆက် သတိုးဖမ္မုဒီပမဟာဒဇရာဇာမင်း လက်ထက်တွင် လူဦးရေ ရေတွက်မှုလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ပုဂံပြည်အနော်ရထာမင်း အဒီ ၁၀၄၄-၁၀၇၇လက် ထက်ကလည်း မြို့ရွာများကို စနစ်တကျ စုစည်း၍ လူအင်အားအရေအတွက် စုစည်းပြီး ရာပြု၊ ထောင်ပြု၊ သောင်းပြု၊ သိန်းပြု စသည်ဖြင့် ကာကွယ်ရေးအရေးအခင်းပေါ်ပေါက်လာပါက လူအင်အားဆက်ပို့ရသည်ဟု သမိုင်းကျမ်းများအရ သိရသည်။

မင်းကြီးစွာစော်ကဲလက်ထက်တွင် စစ်တမ်းကောက်ခံသည်ဟု မှတ်သားရသော်လည်း ထိုစစ်တမ်းကို ရှာမတွေ့ခဲ့ပေ။ သာလွန်မင်းတရားအေဒီ ၁၆၃၇ မြန်မာသက္ကရာဇ် ၉၉၉ ညောင်ရမ်းဆက်တွင်လည်းကောင်း၊ ဆင်ဖြူရှင်မင်းလက်ထက် ၁၁၂၆ခုနှစ် စစ်တမ်းများ၊ ၁၁၂၇ စစ်တမ်းများ၊ ဘိုးတော်ဘုရားစစ်တမ်းများတွင် တွေ့ရသည်။ ကုန်းဘောင်မင်းဆက်၊ အလောင်းမင်းတရား လက်ထက်မှတစ်ပါး အခြားမင်းများ လက်ထက်တွင် စစ်တမ်းများကောက်ခံကြသည်ဟု သိရသည်။ သီပေါမင်းလက်ထက်တွင်လည်း စစ်တမ်းကောက်ယူခဲ့ပြီး နှစ် ၁၀၀ ကျော်ရှိပြီဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား ပထမနှင့် ဒုတိယကမ္ဘာကျော်စစ်များ ဆင်နွှဲပြီးနောက် ရခိုင်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းတို့အား ၁၈၇၂ခုနှစ်တွင် သန်းခေါင်စာရင်း ပထမအကြိမ်ကောက်ယူသည်။ သန်းခေါင်စာရင်း ကောက်ယူမည့်နေ့ကို ၁၈၇၂ ခုနှစ် ဩဂုတ် ၁၅ရက် မြန်မာသက္ကရာဇ် (၁၂၃၄ခုနှစ်၊ ဝါခေါင်လဆန်း၁၁ရက်)ကြာသပတေးနေ့ဟုသတ်မှတ်ပြီး ယင်းညသန်းခေါင်ယံအချိန်တွင် ရန်ကုန်မြို့လူဦးရေ ကောက်ယူမှုကို အစွဲပြု၍ 'သန်းခေါင်' စာရင်းကောက်ယူသည်ဟု ခေါ်ဝေါ်ခဲ့ကြောင်း သိရှိရပါသည်။

၁၈၈၁ခုနှစ်တွင် လူဦးရေ သုံးသောင်းကျော်၊ ၁၈၉၁ခုနှစ်တွင် ရှစ်သန်းကျော်၊ ၁၉၁၁ခုနှစ်တွင် ၁၂သန်းကျော်၊ ၁၉၂၁ခုနှစ်တွင် ၁၃သန်းကျော်၊ ၁၉၃၁ခုနှစ်တွင် လူဦးရောဂသန်းကျော်နှင့် ၁၉၄၁ခုနှစ်တွင် ၁၆သန်းကျော်ရှိခဲ့ကြောင်း သိရှိရပါသည်။ တော်လှန်ရေးကောင်စီခေတ်တွင် ၁၉၇၃ခုနှစ် ဧပြီလ ၁ရက်နေ့တွင် လုပ်သားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့ရာ လူဦးရေ ၂၈သန်းကျော်၊ ၁၉၈၃ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေ ၃၅သန်းကျော်၊ ၂၀၁၄ ခုနှစ်တွင်လူဦးရေ ၅၁သန်းကျော်ရှိခဲ့ကြောင်း သိရှိရပါသည်။

စစ်ပြီးခေတ်တွင် မြန်မာနိုင်ငံအစိုးရသည် ၁၉၅၃ခုနှစ်မှ ၁၉၅၅ခုနှစ်အထိအဆင့် သုံးဆင့်ဖြင့် စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၅၃ခုနှစ်တွင် မြို့နယ်ပေါင်း ၂၅၂ မြို့နယ်၊ ၁၉၅၄ခုနှစ်တွင် ကျေးရွာအုပ်စုပေါင်း ၂၁၄၃အုပ်စုကိုလည်းကောင်း စာရင်းကောက်ယူနိုင်ခဲ့သည်။ ထိုသို့ကောက်ယူရာတွင် နိုင်ငံအကျယ်အဝန်း၏ ၃၀ရာခိုင်နှုန်းကိုသာ ကောက်ယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၉၇၃ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ခုနှစ်တွင် တစ်ကြိမ် ကောက်ယူနိုင်ခဲ့သည်။

၁၉၉၁ခုနှစ်တွင် ပြည်နယ်၊ တိုင်းဒေသကြီးများတွင် နမူနာကောက်ကွက်များကို ရွေးချယ်ကာ ငါးနှစ်တစ်ကြိမ်စစ်တမ်းများ ကောက်ယူခဲ့သည်။ လူဦးရေစစ်တမ်းမှရရှိသည့် မွေးနှုန်း၊ သေနှုန်းကိုအခြေခံ၍ လူဦးရေပညာဖြင့် တွက်ချက်ကာ နှစ်စဉ် အောက်တိုဘာ ၁ရက်နေ့တွင် လူဦးရေစာရင်းကို ထုတ်ပြန်လျက်ရှိသည်။

တစ်နည်းဆိုသော် သန်းခေါင်စာရင်းသည် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစသည့် အကြောင်းအရာများနှင့်သက်ဆိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အစိုးရ၏ မည်သည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းနှင့်ကင်းကွာ၍ မရဘဲ သန်းခေါင်စာရင်းကို အခြေခံရမြဲဖြစ်ပါသည်။

တိုင်းပြည်၏လူဦးရေ၊ ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လူဦးရေပုံနှံမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် ယောကျ်ား၊ မိန်းမဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ လုပ်ငန်းအမျိုးမျိုးတွင်လုပ်ကိုင်သူ၊ ကလေးမွေးဖွားမှုစသည်တို့ပါဝင်သော အကြောင်းအချက်များကို တိုင်းပြည်တစ်ဝန်းလုံးအတွက်လည်းကောင်း၊ ဒေသအသီးသီးအတွက်လည်းကောင်း ခွဲခြမ်းစိတ်ဖြာ၍ မှန်ကန်စွာ သိရှိလေ့လာနိုင်ရန် သန်းခေါင်စာရင်းကို ကောက်ယူရခြင်းဖြစ်ပါသည်။

သာဓကအားဖြင့်ဆိုသော် ၂၀၁၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ လူဦးရေအများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး ၁၄ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီး ၁၂ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၁၂ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။ အဆိုပါတိုင်းဒေသကြီး ၃ခု၏ လူဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ၃၈ ရာခိုင်နှုန်းရှိနေသည်။ လူဦးရေအနည်းဆုံးဒေသမှာ နေပြည်တော် ၂ရာခိုင်နှုန်း၊ ချင်းပြည်နယ် ၀ ဒသမ ၉ ရာခိုင်နှုန်း၊ ကယားပြည်နယ်၀ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ သိပ်သည်းဆမှာ တစ်စတုရန်းမိုင်တာတွင် ၇၆ ဦးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးသည်လူဦးရေအထူထပ်ဆုံး ၇၁၆ဦးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသည် လူဦးရေ ၂၀၀ဦးဖြင့် ဒုတိယလူဦးရေအထူထပ်ဆုံးဖြစ်ပါသည်။ လူဦးရေအကျဲပါးဆုံးဒေသများမှာ ကချင်ပြည်နယ် ၁၉ ဦးနှင့် ချင်းပြည်နယ် ၁၃ ဦးတို့ဖြစ်ကြောင်း သန်းခေါင်စာရင်းရလဒ်အစီရင်ခံစာအရ သိရှိရပါသည်။

သန်းခေါင်စာရင်းများမှရသော အချက်အလက်များအရ မြန်မာနိုင်ငံတွင်လူ ၁၀၀ လျှင် ၇၀ ဦးသည် ကျေးလက်တွင်နေထိုင်ပြီး ၃၀ ဦးသည် မြို့ပြတွင် နေထိုင်ကြကြောင်း သိရှိရသည်။ရန်ကုန်တိုင်းဒေသကြီးတွင် မြို့ပြ၌ နေထိုင်သူ ၇၀ ရာခိုင်နှုန်းရှိပြီး၊ ဧရာဝတီတိုင်းဒေသကြီးသည် ကျေးလက်လူဦးရေအချိုး ၈၆ ရာခိုင်နှုန်းဖြင့် အများဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၈၅ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ၈၃ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်းများက ဖော်ပြနေပါသည်။

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေတိုးနှုန်းမှာ ၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိနေသည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေပိရမစ်သည် အိုးပုံစံဖြစ်နေသည်။ ကလေးပါဝင်မှုအချိုးလျော့ကျလာသော်လည်း အသက် ၁၀-၁၄ နှစ်အုပ်စုများတွင် လူငယ်လူရွယ်ဦးရေ လျင်မြန်စွာ တိုးပွားလာကြောင်း ဖော်ပြနေသည်။ သို့သော်လည်း အသက် ၀-၉နှစ်အုပ်စုတွင် မွေးဖွားနှုန်း ကျဆင်းပြီး ကလေးလူဦးရေ အချိုးသည် လျော့နည်းနေသည်။ မြန်မာနိုင်ငံတွင် လူငယ်ဦးရေအချိုးသည်များပြားနေသောကြောင့် 'လူဦးရေဆုလာဘ်'ကိုရရှိခံစားနေရကြောင်း လူဦးရေပိရမစ်က ဖော်ပြနေသည်။

ကျားမ လူဦးရေတွင် အမျိုးသမီး ၁၀၀ ဦးလျှင် ကျား ၉၃ဦးရှိကြောင်း သိရသည်။ ကချင်ပြည်နယ်တွင် ကျား ၁၀၈ ဦး၊ မ ၁၀၀ ဦးရှိကာ ကျားဦးရေက ပိုနေသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အများစုတွင် အမျိုးသမီးဦးရေသည် အမျိုးသားများထက် ပိုများနေသည်။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေအချိုးများ တူညီနေသည်ကို တွေ့ရှိရပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အခွင့်အရေးနှင့် ပြည်သူလူထုအကျိုးအတွက်ပင်ဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်လူဦးရေ မူဝါဒချမှတ်နိုင်ရန် လူဦးရေဆိုင်ရာ ပြည်တွင်း၊ ပြည်ပအချက်အလက်များကို ဆန်းစစ်လေ့လာ၍ နိုင်ငံသို့တင်ပြနိုင်ရန်ဟူသော ရည်မှန်းချက်များလည်း ပါရှိပါသည်။

နိုင်ငံတော်၏ လူမှုစီးပွားရေးစီမံကိန်းများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေမည့် လူဦးရေကိန်းဂဏန်းများရရှိစေရန် စစ်တမ်းများကောက်ယူခြင်းနှင့် နိုင်ငံတော်၏ ဒေသအသီးသီးအလိုက် လူဦးရေခန့်မှန်းရန်အတွက် နိုင်ငံတော်၏မူဝါဒအရ လိုအပ်သောအချိန်ကာလအတွင်း တိကျမှန်ကန်သောလူဦးရေ စာရင်းရရှိစေရန်အတွက် လူဦးရေသန်းခေါင်စာရင်းကို မလွဲမသွေစစ်တမ်းကောက်ယူရန် လိုပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးပေါ်ပြောင်းလဲမှုများကို သိရှိရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာစီမံကိန်းများတွင် ထည့်သွင်းအသုံးပြုရန်အတွက် ၂၀၁၉ခုနှစ်တွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ရပါသည်။ အလားတူပင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အမျိုးသားညွှန်းကိန်းမူဘောင် (NIF) အတွက် အခြေခံအချက်အလက်များ ရရှိနိုင်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် ပန်းတိုင်များ (Sustainable Development Goals) အတွက် ချမှတ်ထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ တွင် နိုင်ငံတော်၏ တိုးတက်မှုများကို အကဲဖြတ် နိုင်ရန်လည်း ရည်ရွယ်သည်။

တစ်နည်းဆိုသော် ၂၀၁၉ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်းသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကာလအတွင်း တည်ဆောက်ခဲ့သော စွမ်းရည်ကို ဆက်လက်ထိန်းသိမ်းပြီး ၂၀၂၄ခုနှစ် သန်းခေါင်စာရင်းအတွက် ကြိုတင်ပြင်ဆင်သော လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါသည်။ ၂၀၁၉ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာမှု၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားမှု၊ သေဆုံးမှု၊ မသန်စွမ်းမှု၊ သက်ကြီးရွယ်အို၌မှု၊ ရပ်ရွာလူပ်ရှားမှုများတွင်ပါဝင်မှု၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ၏ ဘဝပော်ရွှင်မှု၊ အထောက်အပံ့ရရှိမှု၊ အိမ်နှင့်အိမ်ထောင်စု အကြောင်းအရာများနှင့်ရေရာရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို မေးမြန်းခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မင်းလပြည့်(ဟားခါး)

နိုင်ငံတကာ အားကစား သတင်းများ

ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် သုံးပွဲဆက်တိုက် ပွဲချိန် တစ်မိနစ်အတွင်း ဂိုးသွင်းနိုင်သည့် ပထမဆုံးအသင်းအဖြစ် ဘရန်ဖို့ဒ်အသင်း မှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၂၉

ဘရန်ဖို့ဒ်အသင်းသည် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် သုံးပွဲဆက်တိုက် ပွဲချိန် တစ်မိနစ်အတွင်း ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဘရန်ဖို့ဒ်အသင်းသည် ဝက်ဗ်ဟမ်းအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး အမ်ဘူမို ပွဲချိန် ၃၈ စက္ကန့်မှာပင် သွင်းယူနိုင်ခဲ့သည့် သွင်းဂိုးကြောင့် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ဘရန်ဖို့ဒ်အသင်းသည် မန်ချက်စတာစီးတီး၊ စပါး၊ ယခု ဝက်စ်ဟမ်းအသင်းတို့ ပွဲတွင် ပရီးမီးယားလိဂ် သုံးပွဲဆက်တိုက် ပွဲချိန် မိနစ်အတွင်း ဂိုးသွင်းနိုင်သည့် ထူးထူးခြားခြားမှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ဘရန်ဖို့ဒ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ခြောက်ပွဲကစားအပြီး တွင် ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် ၁၂ နေရာတွင် ရပ်တည်ထားသည်။ **(ဝဲပုံ)(NGB)**

ဆန်တီယာဂိုဂျီမီနက်ဇ် ပေါင်ဒဏ်ရာကြောင့် သုံးလခန့် အနားယူရမည်

လန်ဒန် စက်တင်ဘာ ၂၉

နယ်သာလန်ကလပ် ဖီယင်နုအသင်း အဓိက တိုက်စစ်မှူး ဆန်တီယာဂိုဂျီမီနက်ဇ် ပေါင်ဒဏ်ရာအား အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သုံးလခန့် အနားယူသွားရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဖီယင်နုအသင်းက ဘရီဒါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

တိုက်စစ်မှူး ဆန်တီယာဂို ဂျီမီနက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဖီယင်နုအသင်းအတွက်လည်း ထိုးနက်ချက် တစ်ရပ် ဖြစ်လာခဲ့သည်။

အသက် (၂၃) နှစ်အရွယ်ရှိ ဆန်တီယာဂို ဂျီမီနက်ဇ်သည် ဖီယင်နုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုစုပေါင်း ၉၃ ပွဲ ကစားပြီး ၅၃ ဂိုး သွင်းယူကာ ခြေဖွဲမ်းပြထားသည်။ **(NGB)**

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲချိန် ပထမပိုင်းတွင် သွင်းဂိုး လေးဂိုး သွင်းယူသည့် ပထမဆုံးကစားသမားအဖြစ် ကိုးလ်ပါလ်မာ မှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၂၉

ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာသည် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲချိန် ပထမပိုင်းတွင် သွင်းဂိုး လေးဂိုး၊ သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး လေးဂိုးစလုံး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာသည် ချဲလ်ဆီး အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုစုပေါင်း ၅၁ ပွဲကစားပြီး ၃၁ ဂိုး သွင်းယူကာ ခြေဖွဲမ်းပြထားသည်။

အသက် (၂၂) နှစ်အရွယ်ရှိ ကိုးလ်ပါလ်မာက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ရတဲ့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ဆက်လက်ရရှိဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**



ဂရင်းဝုဒ် မာဆေးလ်အသင်းတွင်သာ ဆက်ရှိသွားမည်

ပါရီ စက်တင်ဘာ ၂၉

တိုက်စစ်မှူး ဂရင်းဝုဒ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မာဆေးလ် အသင်းက အတည်ပြုခဲ့သည်။

အသက် (၂၂) နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၅ ပွဲကစားပြီး ၅ ဂိုး သွင်းယူထားသည်။

မာဆေးလ်အသင်း ထုတ်ပြန်ချက်တွင် ဂရင်းဝုဒ်အသင်းမှာ ပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမား ကောင်းတစ်ယောက်ပါ။ သူ ကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**

အဒီယီမီအား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

လီဗာပူး စက်တင်ဘာ ၂၉

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်း၏ အဓိက ကစားသမား ဆာလာ ထွက်ခွာမည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကြောင့် ဒေါ့မွန်အသင်း တောင်ပံကစား သမား အဒီယီမီအား ခေါ်ယူရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက် (၂၂) နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဒေါ့မွန် အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၅ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၇၂ ပွဲကစားပြီး ၁၆ ဂိုးသွင်းယူကာ ခြေဖွဲမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

တောင်ပံကစားသမား အဒီယီမီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **(ဝဲပုံ)**

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် ဒေါ့မွန်အသင်းထံမှ အဒီယီမီအား ခေါ်ယူသွားနိုင်မည် လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

2024 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်သို့ Jannik Sinner တက်ရောက်

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Roman Safiullin အား ၃-၆၊ ၆-၂ ၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2024 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ချက်တင်းနစ်ကစားသမား Jiri Lehecka တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ) (NGB)**

အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်)	ယမန်နှစ်ရလဒ်	အိမ်/ဧည့်ရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ဂိုးပွဲ
၁-၁၀-၂၀၂၄	(၁၃)ဘရန်ဖတ် – ဆောက်သမ်တန်(၁၈)	ဘရန်ဖတ် ၀-၁ ဆောက်သမ်တန်	ဘရန်ဖတ်(အိမ်)	၂	–	၁	၁	၁	၂
နံနက် ၀၃း၃၀ နာရီ	(D,D,W,L,L) (L,L,L,L,D)	ဆောက်သမ်တန် ၁-၀ ဘရန်ဖတ်	ဆောက်သမ်တန်(ဧည့်)	၂	–	–	၂	၁	၄

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်)	ယမန်နှစ်ရလဒ်	အိမ်/ဧည့်ရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ဂိုးပွဲ
၁-၁၀-၂၀၂၄	(၁၃)ပီးစား – ကယ်လီယာရီ(၂၀)	ပီးစား ၀-၀ ကယ်လီယာရီ	ပီးစား(အိမ်)	၃	၁	၁	၁	၅	၅
နံနက် ၀၁း၁၅ နာရီ	(D,W,L,L,D) (D,D,L,L,L)	ကယ်လီယာရီ၁-၂ ပီးစား	ကယ်လီယာရီ(ဧည့်)	၁	–	–	၁	–	၁

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်)	ယမန်နှစ်ရလဒ်	အိမ်/ဧည့်ရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ဂိုးပွဲ
၁-၁၀-၂၀၂၄	(၄)ဝီလာရီခဲ့ရယ် – လာပါမားစ်(၂၀)	ဝီလာရီခဲ့ရယ် ၁-၂ လာပါမားစ်	ဝီလာရီခဲ့ရယ်(အိမ်)	၃	၁	၁	၁	၇	၁၀
နံနက် ၀၃း၃၀ နာရီ	(W,D,W,L,W) (D,L,L,L,D)	လာပါမားစ်၃-၀ ဝီလာရီခဲ့ရယ်	လာပါမားစ်(ဧည့်)	၃	–	–	၃	၂	၆

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲ ကျင်းပ

ကလော စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့ အမှတ်(၁)ရဲကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့ နံနက် ၉ နာရီက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ရထားရဲတပ်ဖွဲ့အမှတ်(၇)တပ်ခွဲ အောင်မန်းမြို့မှ ဒုတိယရဲမှူး ချမ်းငြိမ်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက သွေးများ လှူဒါန်းရာ ကလောခရိုင် ပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန် ဒေါက်တာသိန်းယဉ်ယဉ်ဖြိုးက သွေးအိတ်များကို လက်ခံရယူသည်။

အဆိုပါ သွေးလှူဒါန်းရာ နေရာသို့ ဒုတိယရဲမှူး ချမ်းငြိမ်းနှင့် ကလောခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာသန်းလှိုင်တို့က ကြည့်ရှုအားပေး၍ နွားနို့၊ ကြက်ဥနှင့် အာဟာရဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၆၈)

မိုးရွာသွန်းမှု လျော့နည်းသွားသဖြင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှု ပြန်လည်ကျဆင်းလာ

ပွင့်ဖြူ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးရွာသွန်းမှု လျော့နည်းသွားသဖြင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှရေကျော်ကျမှု ပြန်လည်ကျဆင်းလာကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ ရေကင်းတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းလွင်ထံက သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုလ ဆန်းပိုင်းက မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုများတိုးလာကာ တမံရေပြည့်မှတ်ဖြစ်သည့် ၃၄၀ ပေအထက် ရေပိုလွှဲမှ ၁၀ ပေကျော်အထိ ရေကျော်ကျမှုရှိခဲ့ပြီး ယခုအခါ မိုးရွာသွန်းမှု လျော့နည်းသွားသဖြင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုလည်း တဖြည်းဖြည်း ပြန်လည်ကျဆင်းလာကြောင်း၊ ယနေ့ နံနက် ၇ နာရီ တိုင်းထွာရာတွင် တမံရေပိုလွှဲမှ ၆ ပေသာ ရေကျော်ကျလျက်ရှိသည်။

အဆိုပါ တမံရေပိုလွှဲမှ ရေကျော်ကျမှု အခြေအနေအား တမံအောက်ဘက်ရှိ ဒေသခံပြည်သူများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် ရေကင်းတာဝန်ခံ အရာရှိများ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ၂၄ နာရီ ရေကင်းစောင့်ကြပ်စစ်ဆေးပြီး နေ့စဉ် အွန်လိုင်းဖြင့် အသိပေးထုတ်ပြန်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် တမံနှင့် ဆက်စပ်အဆောက်အအုံများလည်း ကြံ့ခိုင်ကောင်းမွန်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်နိုင်သော တမံတစ်ခုဖြစ်ပြီး နှစ်စဉ်ဒေသတွင်းရှိ တောင်သူများ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေဖူလုံစွာရရှိအောင် မဇလီရေလွှဲဆည်သို့ ဆည်ရေများ ပို့လွှတ်ပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှု ကောင်းမွန်ခဲ့၍ စိုက်ပျိုးရေအလုံအလောက် ဖြန့်ဝေပေးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအတွက် မိုးသီးနှံအပြင် ဆောင်းသီးနှံနှင့် နွေသီးနှံအတွက် အဆင်ပြေစွာ စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၄၅)**

ရေကြီးနှစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် စပါးခင်းများအတွက် ပြန်လည်စိုက်ပျိုးလိုပါက သက်ဆိုင်ရာစိုက်ပျိုးရေးရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်

မန္တလေး စက်တင်ဘာ ၂၉

ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ကာ ပျက်စီးခဲ့သည့် စပါးခင်းများပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် အခြားသီးနှံများ စိုက်ပျိုးလိုပါက သက်ဆိုင်ရာ စိုက်ပျိုးရေးရုံးများ၊ စက်မှုလယ်ယာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

စပါးစိုက်ပျိုးလိုခြင်းမရှိသည့် တောင်သူများအနေဖြင့် လည်း အခြားသီးနှံများ စိုက်ပျိုးလိုပါက မျိုးလိုအပ်ချက်၊ ထွန်ယက်ရေးလိုအပ်ချက်များကို သက်ဆိုင်ရာ စိုက်ပျိုးရေးရုံးများ၊ စက်မှုလယ်ယာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖြင့် ပျက်စီးသွားသည့် စပါးခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများ အရန်သင့်ပြန်လည် စိုက်ပျိုးနိုင်စေရန် စီမံဆောင်ရွက်ထားရှိသည်။ **(ဝဲပုံ)**

ထို့အပြင် ပျက်စီးသွားခြင်း မရှိဘဲ ထိခိုက်ရံသာထိခိုက်ခဲ့သည့် စပါးခင်းများအတွက် အထွက်နှုန်းလျော့နည်းမသွားစေရေး အချိန်မီပြန်လည်ကုစား ခြင်းလုပ်ငန်းများကိုလည်း တောင်သူများ စနစ်တကျ လိုက်နာဆောင်ရွက်နိုင်စေရန် ကွင်းသရုပ်ပြဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်ဧက ၇၃၀၀၀၀ ကျော် ပျက်စီးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာခရိုင်တွင် သီးနှံစိုက်ဧက ၃၅၀၀၀ ကျော်၊ ရမည်းသင်းခရိုင် သီးနှံစိုက်ဧက ၅၆၀၀၀ ကျော်၊ ကျောက်ဆည်ခရိုင် ၁၁၀၀၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

လက်ရှိ ဆောင်းစိုက်ရာသီရောက်ရှိတော့မည်ဖြစ်သောကြောင့် အချို့စပါးခင်းများမှာ ပြန်လည်စိုက်ပျိုးရန် အချိန်မမီတော့ဘဲ ဆောင်းစိုက်သီးနှံဖြစ်သည့် မြေပဲ၊ ကုလားပဲမျိုးများနှင့် ပဲမျိုးစုံကို ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–၆)

အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းပသနဒုဗ်မှုငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

သာစည် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော တပ်မတော်ဖိနပ်စက်ရုံ(လှိုင်းတက်)မှ အာမခံအလုပ်သမားအလုပ်ခွင်ထိခိုက်မှုကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါစက်ရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတာဝန်ခံ အရာရှိ၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဒေါ်ကိုကိုကြီးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှု၊ မီးဖွားမှုအတွက် ဆေးကုသမှု ငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊ အာမခံအလုပ်သမား သေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် စသည်ဖြင့် အာမခံအလုပ်သမားများ ခံစားရမည့်အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ဆက်လက်ပြီး ဦးစီးအရာရှိက အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၃၇၀၄၄၀၀ တိတိကို အာမခံအလုပ်သမား ဦးဟုန်းနိုင်အား ထုတ်ပေးသည်။

အကျိုးခံစားခွင့်ထုတ်ပေးပွဲသို့ တပ်မတော်ဖိနပ်စက်ရုံ(လှိုင်းတက်)မှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၇)

o–o–o–o–o–o–o–o

မူလတန်းကြိုကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ ကျောင်း ခန်းမ၌ ကျင်းပသည်။

ထို့နောက် တက်ရောက်လာကြသော ကိုးပင်မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် မိဘများအား မူလတန်းကြိုကျောင်း အကြီးတန်းနှင့် အငယ်တန်းတို့မှ သားငယ်၊ သမီးငယ်များက ပုရွက်ဆိတ်ပုံပြင်ဖြင့် လည်းကောင်း၊ Walking Walking Song ဖြင့် လည်းကောင်း၊ ကျောင်းနေပျော်ဖို့ ရုပ်ပြပုံပြင်ဖြင့်လည်းကောင်း၊ ယုံကလေးကဗျာဖြင့်လည်းကောင်း၊ လမ်းလျှောက်မယ်သီချင်းဖြင့် လည်းကောင်း၊ နမူနာကဗျာဖြင့် လည်းကောင်း စသည်တို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ပြီး ကိုးပင်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများအား လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သိမ့်သိမ့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးနိုင်လင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်ကြီးစု ရပ်ရပ်ကွက်၊ တောင်ကြီး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တောင်ကြီး တက္ကသို လ်ပါမောက္ခချုပ် ဒေါက်တာ ကေသီသင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာမှာ အမိမြန်မာနိုင်ငံတော်အတွင်း မိုတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ အမျိုးဂုဏ် ဓာတိဂုဏ်မြင့်မားရေး၊ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်၊ ပိုမိုခိုင်မာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိစေရန် ရည်သန်လျက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်ထိဆိုလျှင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ကာလသို့တိုင် ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ရှမ်းအရှေ့၊ ရှမ်းမြောက်၊ ရှမ်းတောင် နယ်မြေဒေသ ၃ ခုမှ ပြိုင်ပွဲဝင်ဦးရေ ၂၂၅ ဦး တက် ရောက်ယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် တောင်ကြီးပညာရေးဒီဂရီကောလိပ် သင်တန်းသား၊ သင်တန်းသူများက ရှမ်းပြည်နယ် ကိုယ်စားပြု ချင်းတိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အစီအစဉ်တိုင်းကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝါသနာရှင် ပထမနှင့် ဒုတိယတန်းအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် နှစ်ဆင့်၊ စုစုပေါင်း ၅ ဆင့်ဖြင့် ပြိုင်ပွဲအမျိုးအစား ၂၆ မျိုး ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်အနေဖြင့် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွေတံဆိပ် ၃ ခု၊ ငွေ တံဆိပ် ၂ ခု၊ ကြေးတံဆိပ် ၇ ခု၊ နှစ်သိမ့်ဆု ၂ ဆုနှင့် အထူးဆု ၁ ဆုရရှိခဲ့ကြောင်း သိရသည်။

(အေပေါ်ပုံ)

(၃၆၈)

o-o-o-o-o-o-o-o

သမဝါယမအသင်းစု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

မန္တလေး စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဥက္ကဋ္ဌ ဦးချစ်ခင်က အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ အကြံပြုပြောကြားသည်။

ထို့နောက် သမဝါယမအသင်းစုချုပ် အတွင်းရေးမှူးဦးသိန်းမြင့်က သမဝါယမအသင်းစု၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားပြီး နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်မူက သမဝါယမအသင်းစုနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးတင်ပြကာ သမဝါယမအသင်းစု အဖွဲ့ဝင် ဦးသန်းထွန်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေမှုစာရင်းများအား လည်းကောင်း၊ သမဝါယမအသင်းစု စာရင်းစစ်ဦးမောင်မောင်မြင့်က အသင်းစာရင်းစစ်အစီရင်ခံစာများအား ဖတ်ကြားတင်သွင်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်း တမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူခြင်း၊ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များက နားမလည်သည်များအား မေးမြန်းခြင်းနှင့် ပြန် လည် ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ အသင်းဝင်များ၏ အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစုသို့ အစုထည့်ဝင်ထားသော ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ အခြေခံသမဝါယမအသင်းများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အစုပေါ်အမြတ်နှင့် အစုပေါ်အတိုးငွေများအား တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။ **(ဝဲပုံ) (၀၉၃)**

မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ (နဝမ)အကြိမ်မြောက် ပြန်လည်ထုတ်ချေး

မိတ္ထီလာ စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြောကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား(နဝမ)အကြိမ်မြောက် ထုတ်ချေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဒေါ်အေးမြတ်မြတ်ဆွေက စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်းအကြောင်းအရာများ၊ အဝိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၅၆ ဒသမ ၃ သန်း၊ မြေးမြုံရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး ငွေကျပ် ၁၅ ဒသမ ၁ သန်း၊ အရောင်းအဝယ် ၁ ဦး ငွေကျပ် ၀ ဒသမ ၅ သန်း၊ စုစုပေါင်း ၇၆ဦး၊ ငွေကျပ် ၇၆ ဒသမ ၃သန်းအား အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၆၉)

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

စစ်ကိုင်း စက်တင်ဘာ ၂၉

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြတ်ဇေယျာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးမှူး ဦးအောင်မောင်းက အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ အသေးစားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးနှင့်ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းခေါင်းစဉ်အောက်မှ အမျိုးသမီးများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့်လုပ်ငန်းဖြင့် ဆောင်ရွက်သော သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံနှင့် မွန်းမံ စက်ချုပ်နည်းပညာသင်တန်းမှ ထူးချွန်သင်တန်းသူ ၅ ဦးအား လည်းကောင်း၊ သင်တန်းသူ ၁၀ ဦးဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံနှင့် မွန်းမံ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းမှ ထူးချွန် သင်တန်းသူ ၀၊ ဦးအား လည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်းများသုံးစွဲခွင့် ပေးအပ်သွားမှာဖြစ်ကြောင်း သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပြီး မိမိတို့မိသားစု၊ ဒေသအကျိုးနိုင်ငံ့အကျိုး သယံဇာတိုးနိုင်တဲ့ လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားသွားကြပါဟု ပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူများက လက်ခံပေးခဲ့ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

လျော်ကြေး ပေးရဲကြရဲရဲ

တလောက ဆိုင်ကယ်လေးနဲ့ အမရပူရမြို့ကို ရောက်တာနဲ့ ခရီးဆက်ထွက်ခွာခဲ့တာ သမိုင်းဝင် ရွှေကြက်ယက်ဘုရားကို ရောက်ခဲ့ရတယ်။ ရွှေကြက်ယက်ကျေးရွာမှာ ရွှေကြက်ကျဘုရားနဲ့ ရွှေကြက်ယက်ဘုရားဆိုပြီး ဘုရားစေတီနှစ်ဆူ ရှိတယ်။ ရွှေကြက်ကျဘုရားဆိုတာ မြောက်ဘက်မှာရှိတဲ့ဘုရား၊ ရွှေကြက်ယက်ဘုရားဆိုတာ တောင်ဘက်က ဘုရားလို့ အခေါ်ရှိကြတယ်။ မြောက်ဘက်က ဘုရားပေါ်ကနေကြည့်ရင် ဧရာဝတီကိုကူးတဲ့ စစ်ကိုင်းတံတားကြီးနှစ်စင်းကိုလည်း တွေ့ရတယ်။ စစ်ကိုင်းတံတား အဟောင်းကိုတော့ အင်းဝတံတားလို့ ခေါ်ပါတယ်။ စစ်ကိုင်းတံတားအသစ်ကြီးကတော့ ရတနာပုံတံတားအမည် ရှိပါတယ်။ လွန်ခဲ့တဲ့ တစ်လ၊ နှစ်လ ဝါဆိုလောက်ကပေါ့။ ဧရာဝတီမြစ်ရေကြီးခဲ့လို့ ရွှေကြက်ယက်ဘုရားအနီးနားမှာ ရောင်တဲ့နေရာ တချို့ရှိခဲ့တယ်။ ဒါက နှစ်စဉ်တော့ မဟုတ်ပါဘူး။ သစ်ဖောင်သမားတွေ၊ မော်တော်သမားတွေ အပြောအရတော့ ဗန်းမော်မြို့အထက်နားမှာ ကြက်တူရွေးခေါင်းပုံစံနဲ့ တူတဲ့နေရာရှိတယ်။ တောင်ကမ်းပါးယံမှာ သဘာဝအလျောက် ဖြစ်ပေါ်နေတာကိုက ကြက်တူရွေးခေါင်းပုံ ဖြစ်နေတာ။ အစိမ်းရောင်ဆေးခြယ်ပြီး နှုတ်သီးမှာ အနီရောင်ဆေးခြယ်လိုက်တော့ ပိုပြီးတူသွားတာပေါ့။ အဲဒီ ကြက်တူရွေးခေါင်း ရေမြုပ်ရင် မန္တလေး၊ မင်းကွန်း၊ စစ်ကိုင်းမြို့တွေမှာ ရေကြီးရေလျှံဖြစ်တတ်တဲ့နှစ်လို့ ဆိုရိုးစကားရှိပါတယ်။ ရှေးလူကြီးတွေ ပြောစကားအရဆိုရင်လည်း ရွှေကြက်ယက်ဘုရားဟာ ရေဝိုင်းလိမ့်မယ်ဆိုတဲ့ တဘောင်စကား ရှိခဲ့တယ်လို့ ဆိုကြတယ်။ ဘယ်လိုပဲဖြစ်ပါစေ ရွှေကြက်ကျဘုရားပေါ်ကနေ လှမ်းပြီးကြည့်ရင် ဧရာဝတီမြစ်ကြီးရယ်၊ စစ်ကိုင်းတံတားကြီး နှစ်စင်းရယ်၊ စစ်ကိုင်းတောင်ကြီးရယ်၊ ဟိုဘက်ဆက်ကြည့်ရင် ရွှေမင်းဝံတောင်ရိုးကိုတစ်လျှောက်လုံး မင်းကွန်းဒေသဘက်အထိ မြင်နိုင်တော့ မျက်စိထဲ ရှုခင်းကောင်း ပန်းချီကားတစ်ချပ်လို ရိုက်ကွင်းကောင်းတဲ့ ဗျူးပွိုင့် တစ်နေရာလို မှန်းမြင်နိုင်ပါတယ်။ ဒါကြောင့် ထင်ပါတယ်။ ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ မောင်တင်ဦးက သင်္ကြန်မိုးရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းတစ်နေရာမှာ သရုပ်ဆောင် နေအောင်နဲ့ ခင်သန်းနုတို့ ချိန်းတွေ့ကြတဲ့နေရာအဖြစ် ရှုခင်းကောင်းတဲ့ ရှုခင်းသာနေရာကို ရွေးချယ်ရိုက်ကူးခဲ့တာနေမှာပေါ့။ ကျွန်တော်လည်း ဒီနေရာလေးကို နှစ်သက်မိပါတယ်။

သမိုင်းဝင်ရွှေကြက်ယက်ဘုရား ညောင်ရေသွန်းပွဲတုန်းက တစ်ခေါက်၊ အခု တော်သလင်းလမှာ လှေပြိုင်ပွဲကျင်းပလှေ့ရိုတဲ့အခါ တစ်ခေါက် ဆိုသလို ရောက်တတ်ပါတယ်။ အခုအချိန်မှာတော့ ဧရာဝတီမြစ်ရေဟာ ပုံမှန် အနေအထား အတိုင်းပါပဲ။ ဝါခေါင် တော်သလင်း မြစ်ရေသင်ဖြူးခင်းဆိုတဲ့အတိုင်း မြစ်ရေဟာ ငြိမ်သက်ပြန့်ပြူးနေတယ်ထင်ရပေမယ့် လှေပြိုင်ပွဲဝင်ကြတဲ့ လူငယ်လေးတွေ ပြောစကားအရ ရေစီးတအားသန်နေတုန်းရှိသေးတယ်လို့ သိရတယ်။ ဒါကြောင့် ကျေးရွာမှာနေကြတဲ့ လှေပြိုင်ပွဲကျင်းပကြဖို့ ဆွေးနွေးတိုင်ပင်နေကြတဲ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်ရောက်သွားတော့ မိတ်ဆွေ တွေက ခရီးဦးကြိုဆိုကြကာ လှမ်းခေါ်လိုက် ပါတယ်။

"ကဲ လာဗျာ…ခင်ဗျားလာမယ်ဆိုလို့ ကျွန်တော် တို့ စောင့်နေကြတာ။ အချိန်ကိုက်ပဲ။ လက်ဖက်ရည်သောက်ပါဦး။ ပြီးမှ သိချင်တာလေးတွေ မေးပေါ့။ ကျွန်တော်တို့ ဖြေပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ အပြည့်အစုံ မေးမှာနော် … ဒါမှ စာရေးနိုင်မှာ မဟုတ်လား"

"မေးပါဗျာ မေးပါ။ အခု ဘယ်ကစပြီး သိချင်တာတုန်း၊ သိချင်တာမေးပါ"

ကျေးရွာအုပ်စု ဘယ်နှစ်ရွာလောက်ရှိတုန်း၊ ပြိုင်ပွဲကျင်းပဖုံကို ဘယ်လိုတုန်း၊ ဘယ်ရက်မှာ လုပ်တာတုန်း။

"ကျေးရွာအုပ်စု ရွာတွေက အများကြီးပါ။ ရွှေကြက်ယက်တိုက်နယ်က အကျယ်ကြီးကို။ လှေပြိုင်ပွဲက ဘုရားနဲ့အနီးဆုံးရွာတွေပေါ။ ဒီအနီးအနားမှာ ၂၄ ရွာ ရှိပါတယ်။ ဂေါစက်ရွာက ၁၅ ရွာ ရှိပါတယ်။ ဒါကြောင့် တော်သလင်းလ လှေပြိုင်ပွဲ ၁၅ သင်း ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ အဲဒီရွာတွေကတော့ ကိုးသင်း၊ ရွှေဒင်၊ ရွှေလောင်း၊ ရွှေဟင်္သာ၊ စိန်တုန်း၊ ပတ္တမြား၊ ခဝါ၊ ရွာသစ်၊ သက်ကယ်တော်၊ သပြေ တန်း၊ မိုးကောင်း၊ ရွှေလေး၊ ရွှေလေးကွက်သစ်(၁)၊ အောင်ချမ်းသာ အစရှိတဲ့ရွာတွေပေါ့"

"ဘယ်ရက်မှာ လှေပြိုင်ပွဲ ကျင်းပကြတာတုန်း ဒါလေးလည်း သိချင်ပါတယ်"

"စည်းဝေးတိုင်ပင်ဆွေးနွေးပြီး လှေပြိုင်ပွဲ ကျင်းပဖြစ်တဲ့နှစ်တွေမှာ နှစ်စဉ်နှစ်တိုင်းဆိုသလို ပါပဲ၊ တော်သလင်းလပြည့်ကျော် ၇ ရက်မှာ လှေဦးတိုက်ကြရပါတယ်။ လပြည့်ကျော် ၈ ရက်မှာ လှေဦးတိုက်ပြီး ရွာခလှေအခေါ်အရ အလွယ်ခေါ်ကြတာက ဝဲစာကျွေးတာလို့ ပြောဆိုသုံးနှုန်းကြတယ်။ ဒုက်လှေပြိုင်တာက ၁၁ ယောက်ကို တစ်ဖွဲ့၊ အဲဒီမှာ "တက်မ"ကိုင်တစ်ယောက်က နောက်ဆုံးလူပေါ့။ ဘယ်ညာမှာ ငါးယောက်စီ လှော်ခပ်ကြရတယ်"

"မဲနှိုက်ကြတာလား၊ ယှဉ်ပြိုင်ဖို့ စာရင်းပေးရတာလား။ ယှဉ်ပြိုင်ဖို့ နေရာဦးကြရတာလား"

ရွာတွေကို မဲနှိုက်စနစ်နဲ့ မဲနှိုက်ပြီး ပွဲစဉ်ဇယားရေးဆွဲပါတယ်။ ပွဲစဉ်မှာ ပြိုင်ပွဲဖြစ်မြောက်ရေး ကျင်းပရေးကော်မတီဝင် ရွာလူကြီးတစ်ဦးက အများရှေ့မှာပဲ မဲနှိုက်ပေးပါတယ်။ ပွဲစဉ်မှာ ၁၅ သင်းဖြစ်တဲ့အတွက် တစ်သင်းက "ဘိုင်"ကနေ စောင့်ရတယ်။ အရင်ဆုံး မဲနှိုက်တဲ့အသင်းက နံပါတ် (၁၄)ကျချင်မှကျမယ်။ နောက်ဆုံးမဲနှိုက်တဲ့ အသင်းက နံပါတ်တစ် ဖြစ်ချင်ဖြစ်မယ်။ မဲနှိုက်စာရင်းဖြစ်လို့ မဲကျရာပွဲစဉ်ကို လက်ခံအတည်ပြုသဘောတူကြတယ်။ ပြိုင်ပွဲနေ့မှာတော့ နံနက် ၈ နာရီမှာ အသံချဲ့စက်နဲ့ ပြိုင်ပွဲဝင်အသင်းတွေကို ဖိတ်ခေါ်ပါတယ်။ ဘုရားဖူးကြပြီး လှေဦးတိုက်၊ ဆုတောင်းမေတ္တာပို့၊ ဝဲစာကျွေး၊ အရှိအသေပြု၊ ၉ နာရီမှာ ပြိုင်ပွဲစတင်ဖို့ တာထွက်မယ့်နေရာကို သွားကြရတယ်။ ၁၀ နာရီမှာ ပြိုင်ပွဲစတင်ပါတယ်"

"ငှက်လှေတွေ အများကြီးပဲ မြင်ရတော့ တစ်ခါတည်း ပြိုင်ကြမှာလားလို့ ကျွန်တော်က ထင်တာဗျ"

"ငှက်လှေ ခြောက်စီး အဆင့်သင့် ပြင်ပေးထားရတယ်။ တစ်ခါပြိုင်ရင် ငှက်လှေနှစ်စီး၊ မဲနှိုက်ထားတဲ့ ပွဲစဉ်အတိုင်း တစ်ရယ် နှစ်ရယ်တွဲ၊ သုံးနဲ့ လေးတွဲ၊ ငါးနဲ့ခြောက်တွဲ၊ နံပါတ် တစ်၊ သုံး၊ ငါး မဂဏန်းငှက်လှေတွေက ပြေးအားကောင်းတဲ့ ငှက်လှေတွေဖြစ်လို့ ရေစီးတဲ့ ရေစီးမသန်တဲ့ မြစ်ကမ်းဘက်က ပြိုင်ကြရတယ်။ ရေစီးသန်တဲ့ မြစ်လယ်ဘက်ကပြိုင်တဲ့ ငှက်လှေတွေကို မပြေးတဲ့ ငှက်လှေထားစေရပါတယ်"

"ရေသာငှက်သာဆိုလား ဘာလား ကြားဖူးပါတယ်။ အဓိပ္ပာယ်လေး သိပါရစေ…"

"အခုပြောပြီးပြီလေ ရေစီးသန်တာကြောင့် တစ်ပန်းသာနေပြီ။ ဒီထဲ ပြေးတဲ့ငှက်လှေတွေကိုသာ ထားလိုက်ရင် သူတို့ပဲ အနိုင်ရကြမှာပေါ့။ ဒါကြောင့် အကဲခတ်ရွာလူကြီးတွေက ကြိုတင်စီစဉ်ရွေးထားတာပေါ့။ အဲဒါ ရေသာငှက်သာ ခေါ်တာပါ။ ဘယ်ငှက်လှေက ပြေးတယ်၊ ဘယ်ငှက်လှေက မပြေးဘူး။ နံပါတ်မှတ်ပေးထားရတယ်"

"မုံးဝင်တယ်ဆိုလား မုံးဆွဲတယ်ဆိုလား၊ မုံးဆိုတာ ပန်းတိုင်ကိုခေါ်လား။ ဒါလည်း သိချင်ပါသေးတယ်"

"ခြောက်သွေးသောက်ရွာရဲ့တောင်ဘက် မိုးကောင်းဆိပ်ကနေ ပြိုင်လာလိုက်ကြတာ၊ ကိုက် ၃၀၀ အကွာအဝေး ရှိပါတယ်။ ဘုရားဝဲချောင်မရောက်မီ နေရာထိပေါ့။ မုံးဆိုတာက ပြောရရင် ဝါးလုံးကို ခြမ်းထားပြီး ဝါးလုံးခြမ်းထဲမှာ ကြိမ်လုံးအရှည်ထည့်ထားတယ်။ နှစ်ဖက်စလုံးက ဆွဲလို့ရအောင် စီမံပြုလုပ်ထားရတယ်။ ကြိမ်လုံးကို ဆွဲယူနိုင်တဲ့အသင်းက အနိုင်ရတာပါပဲ။ ပန်းဝင်တယ် ခေါ်ရမှာပေါ့။ နှစ်သင်းစလုံး ဆွဲယူမိတယ် ဆိုရင်တော့ သရေအဖြစ်သတ်မှတ်ပြီး နောက်ထပ်တစ်လား ယှဉ်ပြိုင်ကြရတယ်။ ဒီအခါမှာတော့ ငှက်လှေနံပါတ် မဲစနစ်ပေါ့။ ကြည့်ကောင်းတာ သုတ်မုံးပဲဗျ။ မုံးဆွဲနိုင်ဖို့ အသားကုန် ပြိုင်ကြရတာဆိုတော့လေ တက်ညီလက်ညီလှော်ခပ်ရင်း တိုင်ပင်ခေါ်ကြ၊ အော်ကြ၊ ကြွေးကြော်သံတွေနဲ့ ဆိုတော့ ကမ်းလုံးညွှတ်မျှ ကြည့်နေကြတဲ့ ပရိသတ်တွေ အော်ဟစ်ဆူညံအားပေးသံတွေနဲ့ အသံချဲ့စက်ဖွင့်တဲ့အသံတွေနဲ့ ဆူညံနေတာပဲ"

"ကြွေးကြော်သံတွေက ဘယ်လိုအော်ကြတာလဲ"

"ဟေ့ တိုးကွ တိုးကွ လှော်ကြ လှော်ကြ မောင်တို့ မောင်တို့ စီးပါသားလေ လှေ၊ ရီးလေလှေ ရီးလေးလှေ၊ ရီးလေးရဲ့ ရီးလေးလှေ… ဘယ်ရွာလဲကွ နေခဲ့တော့ကွ…ငါတို့ရွာက ပထမပေ့"

"မုံးဆွဲလိုက်တာနဲ့ ပြိုင်ပွဲကို ပြီးစေပါတယ်။ ငှက်လှေတွေရဲ့ အရှိန်တွေဟာ ဝဲချောင်းနားထိ ရောက်သွားမှ အရှိန်သေတော့တာပဲ"

ကျွန်တော်အမြဲကြည့်ချင်ခဲ့တဲ့ ပွဲပါဗျာ။

မင်းခမ်းသာ(စတ္တန်း)

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းသင်တန်းသားသင်တန်းသူများ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူ

ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်စာရင်းကောက် သင်တန်းသားသင်တန်းသူများသည် မြေပြင်တွင် လက်တွေ့စမ်းသပ် ကွင်းဆင်းကောက်ယူခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက်တွင် ကွင်းဆင်းကောက်ယူခဲ့သည်။

ထိုသို့ ကွင်းဆင်းကောက်ယူရာတွင် သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၀ဦးတို့က အမှတ်(၃)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ကွင်းဆင်း၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ အချက်အလက်များကို Mobile Table အများဖြင့်အိမ်ထောင်စု မေးခွန်းများ မေးမြန်းခြင်း၊ အဖွဲ့အစည်းမေးခွန်းပုံစံများ မေးမြန်းခြင်းတို့ကို စမ်းသပ်ကောက်ယူခဲ့ပြီး သင်တန်းခန်းမတွင် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ခဲ့ကြသည်။

အဆိုပါ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူရာသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်တင်ရေးပွဲတော် ကျင်းပပြုလုပ်၊ ဆုချီးမြှင့် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်တင်ရေးပွဲတော်ကို အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်း(၃)ထပ်ဆောင် အစည်းအဝေးခန်းမ၌ မွန်းလွဲ ၂နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအောင်သူက ပွဲတော်တွင် စာအုပ်၊စာစောင်ပြခန်းများ၊ အသိပညာပေးဌာနဆိုင်ရာပြခန်းများ၊ ပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ပျော်ရွှင်ဖွယ် ကစားနည်းများ ပါဝင်ပြီး စာအုပ်ဆိုင်များမှ စာအုပ်များ လာရောက်ရောင်းချခြင်း၊ တက္ကသိုလ်များ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ၊ မြို့နယ်စာရေးဆရာအသင်းတို့မှ ပြခန်းများ ပြသပေးခြင်းအပြင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှလည်း ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စွမ်းပဟေဠိပြိုင်ပွဲ၊ ဆေးရောင်ချယ်ပြိုင်ပွဲ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ လှပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ ခင်းကျင်းပြသထားသည့် အတွက် ကျောင်းသား၊ကျောင်းသူလူငယ်များအတွက် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကျောင်းသား၊ ကျောင်းသူများ ငယ်ရွယ်စဉ်အချိန်ကပင် စာပေနှင့် ရင်းရင်းနှီးနှီးထိတွေ့ကာ စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် အတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်တင်ရေးပွဲတော် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးအောင်သူနှင့်တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးဦးအေးလင်းနှင့် တာဝန်ရှိသူများက အထက်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ၊ ပန်းချီပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊တတိယနှင့် အထူးဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။ **(၄၈၅)**

စာကြည့်တိုက်များ ရွာသန့်ဖွံ့ ပြိုးတိုးတက်ရေးအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ပင်းတယ စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာ ကုန်းပေါ်ဘုန်းတော်ကြီးကျောင်း၌ စာကြည့်တိုက်များ ရွာသန့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောကာလင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ကျင်းပတဲ့ အခမ်းအနားကတော့ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက အလှူငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည့် အလှူငွေများအနက်မှ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်တင်ရေးအတွက် အလှူငွေကျပ် သိန်း ၂၀၀ ခွဲဝေရရှိခဲ့သည့်အနက်မှ သစ်အယ်ပင်ကျေးရွာ ပညာမြေစာကြည့်တိုက်အား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အလှူငွေကျပ် သိန်း ၅၀အား လှူဒါန်းပေးအပ်ပွဲ အခမ်းအနား ဖြစ်ကြောင်း၊ ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ သစ်အယ်ပင်ကျေးရွာ၊ ပညာမြေစာကြည့်တိုက်အား ပြန်လည်ရှင်းသန့်ရေးအတွက် ယခုလို ထောက်ပံ့ကူညီပေးခဲ့ကြသည့် စေတနာရှင် အလှူရှင်များအား အထူးပင်ကျေးဇူးတင်ရှိပုံကြောင်း ပြောကြားသည်။

ထို့နောက် သစ်အယ်ပင်ကျေးရွာ ပညာမြေစာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရန်ပုံငွေကျပ်သိန်း၅၀နှင့် စေတနာရှင်၊ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများအား ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောကာလင်းမှ လွှဲပြောင်းပေးအပ်ခဲ့ရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်တစ်ဦးမှ လက်ခံရယူခဲ့ပြီး သစ်အယ်ပင် ကျေးရွာနေ ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

(၃၃၈)

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့

နှလုံးသားထဲက မန္တလေး

- အတိတ်က ရတနာပုံ
  ချုံသာသာ ရွာလေးပေမယ့်
  နိမိတ်တဘောင်နဲ့ မနေသာ
  အရှင်ပါ ကြွခဲ့ရ
  ရှင်သန်ထ မန္တလေး လေ --- ။
- စည်လိုမြေ မင်းတုန်းထက်
  အချက်ပါ မြန်မာ့ဦးစွန်း
  မှန်ကင်းထွန်း လင်းလက်ပြောင်
  နောင်းနောင်ပင် ယခုထိ။
- စံကျော်ပေ မြန်နန်းနဲ့
  ကျုံးရေက ဝန်းပတ်လည်
  တောင်မဟီ နဝ,လီနဲ့
  ကျော်အပီ သည်မြေလတ်မှာ
  တည်အပ်ရာ မြတ်မျိုးပေမို့
  တိုးချဲ့လို့ ယူအမှန်
  သည်မြေမှန် နန်းထိုက်တော်ဝင်။
- တို့သင်တွေ စံတဲ့ နန်း
  မှန်းရွယ်ကာ နှစ်ထောင်သောင်းကွဲ့
  မျိုးရိုးနဲ့ သန္ဓေသွေးတွယ်
  နော်ရထာရယ် ဘုရင်နောင်ထိပေါ့
  လောင်းဘုရားထိ မှတ်မိကြရမယ်
  ပျော်ပါတယ် တို့မြေစခန်းကို
  ငြိမ်းချမ်းပို မျှော်လင့်ယုံတယ်
  များကုန်ရယ် တွဲဘက်မဖြုတ်တမ်း။ ။

ဇမ္ဗျူလက်ျာ

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

နိုင်ငံသား ၅၅ သန်းခန့် အခမဲ့ဆေးစစ်ခွင့်ရရှိရန် အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝို အဆိုပြုထား

ကျကာတာ စက်တင်ဘာ ၂၉

နိုင်ငံသား ၅၅ သန်းခန့် အခမဲ့ဆေးစစ်ခွင့်ရရှိရန် ရွေးကောက်ပွဲနိုင်ထားပြီးဖြစ်သော အင်ဒိုနီးရှားသမ္မတသစ်ပရာဘိုဝို အဆိုပြုထားကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နှစ်လျှင် လူပေါင်းထောင်နှင့်ချီ၍ အဆုတ်ရောဂါဖြင့်သေဆုံးနေကြရသဖြင့် အစိုးရက အခမဲ့ဆေးစစ်ပေးပြီးနောက် အသေအပျောက်နည်းအောင် ကုသပေးသွားမည်ဟု ဆိုသည်။

ကမ္ဘာပေါ်၌ အဆုတ်ရောဂါကြောင့် လူအသေအပျောက်ဒုတိယအများဆုံးနိုင်ငံဖြစ်သော အင်ဒိုနီးရှားတွင် ၂၀၂၅ ခုနှစ်မှစတင်၍ အသက် ၅၀ ကျော်နိုင်ငံသားများကို အခမဲ့ဆေးစစ်ပေးသွားမည်ဖြစ်ကြောင်း သမ္မတရုံးပြောခွင့်ရသူ ဟတ်ဆန်နာစာဒီက ထုတ်ဖော်ပြောကြားသည်။

ယင်းအခမဲ့ဆေးစစ်ပေးမည့် လူထုကျန်းမာရေးစီမံချက်အတွက် အင်ဒိုနီးရှားအစိုးရအနေဖြင့် နိုင်ငံတော်အသုံးစရိတ်ထဲမှ အမေရိကန်ဒေါ်လာ သန်း ၃၃၀ နှင့်ညီမျှသော ရူပီယာ ၅ ထရီလီယံကို သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

နိုပေါနိုင်ငံ ခတ္တမန္တျုမြို့တော်၌ မိုးသည်းထန်ရွာသွန်းရေကြီး၊ မြေပြိုမှုများကြောင့် လူပေါင်း ၁၂၉ ဦးသေဆုံး

ခတ္တမန္တူ စက်တင်ဘာ ၂၉

နီပေါနိုင်ငံ ခတ္တမန္တျုမြို့တော်နှင့် အနီးပတ်ဝန်းကျင်၌ စက်တင်ဘာ ၂၇ ရက်က မိုးသည်းထန်ရွာသွန်းရာ နောက်ဆက်တွဲ ရေကြီး၊ မြေပြိုမှုများကြောင့် လူပေါင်း ၁၂၉ ဦးသေဆုံးကာ ၆၂ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခတ္တမန္တျုချိုင့်ဝှမ်းထဲသို့ မိုးသည်းထန်ရွာသွန်းခဲ့ရာမှ လူဦးရေ ၄ သန်း မှီတင်းနေထိုင်သော မြို့တော်ပတ်ဝန်းကျင်တစ်ဝိုက်တွင် သေဆုံးခဲ့ရသူမှာ ၃၇ ဦးရှိခဲ့ကြောင်း အစိုးရကယ်ဆယ်ရေးအဖွဲ့ ပြောခွင့်ရသူက ဆိုသည်။

ယင်းကဲ့သို့ ရွာသွန်းခဲ့သော မိုးရေချိန်သည် ၃၂၂ ဒသမ၂ မီလီမီတာရှိသည်ဟု တိုင်းတာတွေ့ရှိရကြောင်း မြို့တော်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ခတ္တမန္တျုမြို့တော်အနီး ဖြတ်သန်းစီးဆင်းသော ဘာဂမာတီမြစ်ထဲသို့ မိုးရေအလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ရာမှ မြစ်ရေပြင်သည် မိုးရိမ်ရေမှတ်အထက် ၂ ဒသမ ၂ မီတာအထိ ရောက်ရှိခဲ့သည်။

ရေကြီးသောနေရာများတွင် အစိုးရစာသင်ကျောင်းများကို သုံးရက်ပိတ်ပြီး ရေအတက်အကျ အခြေအနေကို အာဏာပိုင်များ မပြတ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Mon

ရိုဂေးရုအီရိုဘာ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်လျှင် ဂျပန်နိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများ တွေ့လာရနိုင်

အဓိက ပြိုင်ဘက် အသက် ၆၃ နှစ် အရွယ်အမျိုးသမီးဖြစ်သူ ဆနဆဲတကအိချိကို ၂၁၀-၁၉၄ ရလဒ်ဖြင့် ၄င်းအနိုင်ရခဲ့ခြင်းဖြစ်သည်။

၄င်းအနိုင်ရသော သတင်းထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဂျပန်ယန်းငွေတန်ဖိုး အနည်းငယ်မျှ မြင့်တက်ခဲ့သည်။

ရိုဂေးရုအီရိုဘာသည် အယ်လ်ဒီပီပါတီတွင် ရေလိုက်ငါးလိုက် မနေဘဲ ဝန်ကြီးချုပ်ရှင်ဖိုအာဘေး လက်ထက်ကသာမက ဝန်ကြီးချုပ်ဖုမိအောက်ရှိဒ လက်ထက်တွင်လည်း ပါတီတွင်း ပုဂ္ဂိုလ်ရေးဝေဖန်ပြောဆိုမှုများကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

စပေဓ်အိတ်ခ်စ်ကုမ္ပဏီ လျှတ်တင်သောအာကာသယာဉ် ခရီးဖင့်နေသည့်ယာဉ်မှူးနှစ်ဦးကို ပြန်ခေါ်လာမည်

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်အခြေစိုက် စပေဓ်အိတ်ခ်စ်ကုမ္ပဏီက စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်သော အာကာသယာဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းတွင် ခရီးဖင့်နေသည့် အမေရိကန် အာကာသယာဉ်မှူးများဖြစ်သော ဘွတ်ချ်ဗီလ်မိုးနှင့် ဆူနီဝီလျံစ် တို့နှစ်ဦးကို ပြန်ခေါ်လာမည် ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လေးယောက်စီးအာကာသယာဉ်ပေါ်တွင် ၄င်းတို့အတွက် ခုံအလွတ်နှစ်ခုချန်ကာ အမေရိကန် အာကာသယာဉ်မှူး နှစ်ဦးဟိတ်နှင့် ရုရှားအာကာသယာဉ်မှူး အလက်ဇန္ဒား ဂေါ်ဘူနော့ဗ်တို့ နှစ်ဦးတည်းသာ လိုက်ပါသွားကြသည်။

ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာအာကာသယာဉ်ဟုက်သဖြင့် အမေရိကန်အာကာသယာဉ်မှူး နှစ်ဦး ခရီးဖင့်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

ဟစ်ဇဘိုလာဓေါင်းဆောင် ဟတ်ဆန်နာဆရာလာ ကျဆုံးအောင် တိုက်နိုက်ခဲ့သော အစ္စရေးကို လက်စားချေရမည်ဟု စက်တင်ဘာ ၂၈ ရက်က အီရန်ဘာသာရေးခေါင်းဆောင်ကြီး အယာတိုလာခါမေနီ ကြေးငါးပြောဆိုခဲ့စဉ်။ Mon

ကိုပစ်ဖိဇပြောင်း အိတ်ခ်စ်အီးစီဝိုင်းရပ်စ်ပိုးသစ် ဥရောပနှင့် အမေရိကန်ပြည်ထောင်စု၌ ကူးစက်

ဘာလင် စက်တင်ဘာ ၂၉

အိတ်ခ်စ်အီးစီဟု အတိုကောက်ခေါ်ဝေါသော ကိုဗစ်ဖိဇပြောင်း ဝိုင်းရပ်စ်ပိုးသစ် ဥရောပနှင့် အမေရိကန်ပြည်ထောင်စု၌ ကူးစက်ပြန့်နှံ့နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဩဂုတ်လက ဂျာမနီနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် အိတ်ခ်စ်အီးစီဝိုင်းရပ်စ် ပိုးသစ်သည် ဆားစ်ကိုဗီတူးဗိုင်းရပ်စ် ရောဂါပိုးမှ ဗီဇပြောင်းလာခဲ့သော်လည်း လူကိုသေစေနိုင်လောက်သည့်အထိ မပြင်းထန်သေးကြောင်း လေ့လာတွေ့ရှိထားသည်။

သို့ရာတွင် ထိုရောဂါပိုးသည် ရောဂါဖြစ်နေသူ နှာချေရာမှ ထွက်ပေါ်လာသောနှာမှုန်မှု တစ်ဆင့် ယခင်ပိုးများထက်ပို၍ လျင်မြန်စွာကူးစက်စေနိုင်ကြောင်း သိရသည်။

Mon

စပိန်နိုင်ငံ ကနေရီကျွန်းစုအနီး နိုင်ငံကူးလေနှစ်ဖြူပ်လူ ၉ ဦးသေဆုံးပြီး ၂၀ ဦးကျော် ပျောက်ဆုံးနေဆဲ

မက်ဒရစ် စက်တင်ဘာ ၂၉

စပိန်နိုင်ငံ ကနေရီကျွန်းစုအနီး စက်တင်ဘာ ၂၈ ရက်က နိုင်ငံကူးပြောင်းလာသူများ စီးနင်းလိုက်ပါလာသော လေ့နှစ်ဖြူပ်မှု ဖြစ်ပွားရာ လူ ၉ ဦးသေဆုံးပြီး ၂၀ ဦးကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လေ့မောက်သဖြင့် လာရောက်ကယ်ဆယ်ပေးရန် အတွင်လွှဲတ်သမ္မဒ္ဒရာအတွင်းရှိ အယ်လ်ဟီအာရိုးကျွန်းစုအနီးမှ ညသန်း ခေါင်ကျော်တွင် အကူအညီတောင်းသည်ကို လက်ခံသိရှိပြီး နောက် ကယ်ဆယ်ရေးအဖွဲ့ ချက်ချင်းသွားရောက်ခဲ့သည်။

လေ့ပေါ်တွင်လိုက်ပါလာသော နိုင်ငံကူးပြောင်းလာသူ ၈၄ ဦး အနက်မှ ၂၇ ဦးကိုသာ ကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေလျက်ရှိသည်။

အဆိုပါနိုင်ငံကူးလေ့သည် အခင်းဖြစ်နေရာနှင့် မိုင်ပေါင်း ၅၀၀ နီးပါးကွာဝေးသော မော်ရိတေးနီးယားနိုင်ငံရှိ နူအာဒီဘူ ကမ်းခြေမှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးနေသူများကို သင်္ဘောငါးစင်း၊ ရဟတ်ယာဉ် သုံးစင်း၊ လေယာဉ်တစ်စင်းတို့ ဖြင့် ဖြန့်ကြက်ရှာဖွေနေကြောင်း သိရသည်။

Mon

တာဝန်ထမ်းဆောင်ကြသည် ဆိုရာဝယ်

၂၄-၉-၂၀၂၄ (စာမျက်နှာ -၁၇) မှအဆက်

ညပိုင်းတွင် တစ်ညလုံး အလုပ်လုပ်ကြမည် ဖြစ်သည်။ ရေစုပ်စက်များလည်း အသင့်ဖြစ်ပြီး ညနေစာထမင်းစားပြီးသည်နှင့် ၂၈ လမ်းထောင့် အပေါ်ထပ်မှ ရုံးခန်းကို ပိတ်သည်။ ကြည့်ရှု စစ်ဆေးစရာများကို သေချာစစ်၍ ညစောင့်များ ကို သတိရှိရန် မှာကြားသည်။ တပ်မတော်ကုန် တိုက်ဘက်သို့ သွားရောက်ကြည့်ရှုကူညီရဦးမည် ဖြစ်သည်။ လူက နေသိပ်မကောင်းသဖြင့် တက္ကသိုလ်ဆေးရုံသို့ နေ့လယ်ပိုင်းက သွားပြရသေး သည်။ ဆရာဝန်က အိပ်ရေးပျက်မခံရန် မှာလိုက် သည်။ သို့သော် တာဝန်ပိုင်ရှိသဖြင့် ဆရာ့စကား နားမထောင်နိုင်။ ကျောင်းမှန်မှန်မတက်နိုင်၍ စာများလည်းမရှိ။ Zoomမျက်စာ သူငယ်ချင်းများ ထံသွားပြီး လက်ဖက်ရည်သောက်ရင်း စကားပြော ဖြစ်သည်။ ယူတီစီဈေးတိုက်တန်းရှိ သူငယ်ချင်း ထံလည်း ဝင်သည်။ သူငယ်ချင်းက ဈေးဆိုင် ခဏရောက်နေ၍ ထိုင်စောင့်နေမိသည်။ ကလေး များလာ၍ ထိုင်ခုံနေရာရွှေ့ပေးမိသည်။ ချစ်စရာ ကလေးများ ဖြစ်သည်။ လက်ပိုက်ခေါင်းငုံ့၍ ကျွန်တော့်ရှေ့မှ ဖြတ်ကာ အပေါ်ထပ်စာသင်ရာသို့ သွားကြသည်။ ထိုထဲမှ ကလေးမလေးတစ်ဦး သည် နောင်တွင် စည်ပင်သာယာမှ ရာထူးကြီး အရာရှိတစ်ဦး၏ ဇနီးအဖြစ် ထပ်မံဆုံတွေ့ခဲ့ရ သည်။ သူငယ်ချင်း၏ မောင်မှာ စာသင်ပေးနေခြင်း ဖြစ်သည်။ သူငယ်ချင်းရောက်လာ၍ လက်ဖက် ရည်ဆိုင် သွားကြသည်။ နောက်ထပ်သူငယ်ချင်း မိန်းကလေးအဖွဲ့ရောက်လာပြီး စကားစမြည်ပြော ကာ မိမိအတွက် လိုအပ်သည့် စာများ၊ တစ် ယောက်တစ်ဘာသာ ကူးပေးမည်ဟု ဆိုသဖြင့် စိတ်အေးရသည်။ မင်္ဂလာဒုံတွင် တာဝန်ကျသော စစ်သူနာပြုအရာရှိလောင်း နန်းမာလာ၏ အစ်ကို စောသူရကလည်း ကူညီမည်ပြောသည်။ ကျောင်း စာအတွက် စိတ်အေးရပြီဖြစ်သည်။

ကျောင်းမှအပြန် မိုးကလည်း မိလာသည်။ တက္ကသိုလ်ဆေးရုံမှ ပေးသောဆေး သောက် ထမင်းစားပြီး တပ်မတော်ကုန်တိုက်ဘက် ထွက် ခဲ့သည်။ ညနေစောင်းပြီဖြစ်၍ အလုပ်စကြပြီ အင်ဂျင်နီယာအဖွဲ့ကလည်း ကြိုးစားသည်။ ရေထဲ ထိ ဆင်း၍ ကွပ်ကဲသည်။ ပြဿနာက အဲဒီက စသည်။ ည ၈ နာရီခန့်တွင် အင်ဂျင်နီယာ ကိုသာလှမော်(နောင်တွင် ရွာငံမြို့နယ် အင်ဂျင် နီယာ)ချမ်း၍ ဖျားချင်သလိုဖြစ်လာသည်။ ကျွန်တော်လည်း ၄င်္ကျားတက်သည်။ အင်ဂျင် နီယာအဖွဲ့က ဆေးတိုက်မှဖြစ်မည်ဟုဆိုကာ စားသောက်ဆိုင်သို့ သွားကြ၍ ပေါင်းခံရည်ကို တိုက်ကြသည်။ တစ်ကိုယ်လုံး ခွေးထွေးသွားပြီး အလုပ်ခွင်သို့ ပြန်လာခဲ့ကြသည်။ ကျွန်တော်နှင့် အင်ဂျင်နီယာကိုမိုးက အစွန့်မှခေ၍ အင်ဂျင်နီယာ ကိုသာလှမော်က အလယ်မှ လျှောက်လာကြ သည်။ ပလက်ဖောင်းပေါ်တွင် လုပ်ငန်းအကြောင်း တိုင်ပင်ဆွေးနွေးရင်း လျှောက်ခဲ့ကြသည်။ ဆိုဒ်ထဲ မရောက်ခင်နာမှ ပလက်ဖောင်းရှိ မြောင်းဖုံးမှာ တစ်ချပ်ပာနေသည်ကို ဂရုမပြုမိကြ၊ လမ်း လျှောက်စကားပြောနေရင်း ကိုသာလှမော်၏အသံ ရုတ်တရက် ပျောက်သွားသည်။ လမ်းလျှောက်ရာမှ ရပ်၍ ကိုမိုးနှင့်ကျွန်တော် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိသည်။ နောက်သို့လှည့်ကြည့် သော်လည်း လူတစ်ဦးမျှမရှိ၊ လမ်းပေါ်နှင့် ပလက် ဖောင်းပေါ်တွင် ကျွန်တော်တို့ နှစ်ဦးသာရှိသည်။ လူတစ်ဦးတစ်ယောက်မျှ မရှိ၊ စကားပြောနေရင်း ပျောက်သွားသည်။ အချမ်းပြေသောက်လာသော ယစ်ရွေရည် ပေါင်းခံဆေးအိုရိန် ဘယ်ရောက်သွား မှန်းမသိ၊ နှစ်ယောက်သားကြောင်တောင်တောင်ဖြစ်နေ သည်။ အသံသဲ့သဲ့ကြား၍ ငြိမ်ပြီး နားထောင်ရာ 'ဟိတ်လူတွေ ဟိတ်လူတွေ'ဟု အော်နေသော ကိုသာလှမော်၏ အသံကြား၍ မြောင်းဖုံးလွတ် နေရာကို ငုံ့ကြည့်ရာ မျက်နှာဖွေးဖွေးလေးကို မြောင်းထဲမှ သုံးပေအနက်ခန့်တွင် မှုန်ပြပြမြင်ရသည်။ 'ဟိတ်လူ ခင်ဗျားလား'ဟုမေးရာ 'လုပ်ပါဦးဟာ' ဟုဖြေသည်။ အောက်သို့လေးဘက်ထောက်ပြီး လက်မခံပေးသော်လည်း ကိုသာလှမော်လက်ကို မမီ ဝမ်းလျားမှောက်၍ ဆွဲကြသည်။ ရွံ့နွံများနှင့် မို့ မမြဲ၊ ဆွဲတင်၍ မရ၊ တပ်မတော်ကုန်တိုက်နှင့် နီးကပ်နေ၍ ကုန်တိုက်ထံပြေးသည်။ ညစောင့်ထံ မှ လက်နှိပ်မီးကိုယူ၍ အလုပ်သမားနှစ်ယောက် ချက်ချင်းလိုက်ခဲ့ဟု ခေါ်ကာ ကိုသာလှမော်ထံ ချက်ချင်းပြေးခဲ့သည်။ ပိုင်းဆွဲတင်၍ မရ၊ ကျွန်တော့် လုံချည်ကို ချွတ်လိုက်သည်။ (အားကစား ဘောင်းဘီ တိုကျန်)အောက်သို့ ချပေးပြီး ချိုင်းနှစ်ဖက်တွင် ချိတ်စေပြီး လုံချည်ကွင်းအား အပေါ်မှ ပိုင်း၍ မကြသည်။ ဦးခေါင်းပေါ်လာတော့ ပိုင်း၍ ဆွဲတင်ရ သည်။ ခွံပုပ်များက ချော်နေသဖြင့် မနည်းထိန်းမရ သည်။ အပေါ်ရောက်တော့ တုန်၍ ခွံများဖြင့်မည်း နေသော(မျက်နှာလေးသာ ဖြူနေသည်)ကိုသာလှမော် ကို ပွေ့၍ တပ်မတော်ကုန်တိုက်အောက် ခေါ်ခဲ့ သည်။ ရေစုပ်နေသော မြေအောက်ကားပါကင် ရောက်သော် ရေထဲချ၍ ရေဆေးစေသည်။ ချမ်း၍ တုန်နေပြီဖြစ်သည်။ ကျွန်တော်တို့လည်း ရေထဲဆင်း၍ ဆေးသည်။ ရေကူးကန်ပမာဖြစ်နေ၍ သွေး ပူစေရန် ဟိုဘက်ထိပ် သည်ဘက်ထိပ် နှစ်ပြန်ခန့် အမြန်ကူးပစ်လိုက်ပြီး အပေါ်တက်သည်။ ကိုသာလှ မော်အား အပေါ်သို့ဆွဲတင်၍ သွားကြစို့ဟု ခေါ် ရာ မီးဆလိုက်များထိုးထားသည့် မီးရောင်ထဲမှ မြင်ကွင်းကြောင့် အလုပ်သမားများရော ကျွန်တော် တို့ပါ အူတက်အောင်ရယ်ရတော့သည်။ အောက် တွင် ပုဆိုးမပါ၊ ဟော့လူ ပုဆိုးရောဟု ဆိုရာ မြောင်းထဲမှာ ကျတ်ကျန်ခဲ့ပြီဟု မျက်လုံးပြူးကြီး ဖြင့် ဖြေသည်။ ကျွန်တော့်ပုဆိုးလည်း ဘယ်ပစ်မိမှန်း မသိ၊ ကျွန်တော်အားကစားဘောင်းဘီတို့နှင့် ကိုသာလှမော်က ကျွန်းမာရေးကြောင့် အားကစား သမား အလေးမသူများဝတ်သော ကြိုးသိုင်းဘောင်းဘီ အနီကလေးနှင့် ကြာကြာရယ်မနေနိုင်၊ ချမ်းတုန် နေကြပြီဖြစ်၍ ရုံးသို့ အမြန်ပြေး၍ အဝတ်အစား လဲကြသည်။ ပြီးလျှင် ဆိုင်သို့ တစ်ခေါက်ပြန်သွား ကြသည်။ ဆိုင်တွင် သောက်ရင်း ကျွန်တော်က အတွေးတစ်စကို ထုတ်ပြသည်။ ရေများ မြေအောက် ခန်းသို့ အဝင်စိမ့်ဝင်နေခြင်းမှာ ဘေးမြောင်းမှ ရေများကြောင့်နှင့် အောက်မှ စိမ့်ရေကြောင့်ဆိုသည် ကို အကြမ်းဖျင်းသိကြပြီး ယခုအခြေအနေအရ မြောင်း၏အနက်သည် ၉ ပေကျော်ခန့် ရှိကြောင်း၊ အောက်မှရေနှင့် နွံအနက်သည် ၄ ပေခွဲမှ ၅ ပေခွဲ ခန့်ထိရှိကြောင်း၊ ထိုမြောင်းစိမ့်အားသည် များလှ ကြောင်း၊ ထို့ကြောင့် ထောင့်နှစ်ဖက်တွင် ရေမြောင်း ကို ပိတ်ဆို့သင့်ကြောင်း၊ ရေမြောင်းထဲမှ ရေကိုပါ စုပ်ထုတ်ပြီးမှ လုပ်ငန်းကိုအမြန်ဆောင်ရွက်လျှင် အဆင်ပြေနိုင်ကြောင်း အကြံပြုပေးသည်။ အင်ဂျင် နီယာအဖွဲ့လည်း သဘောတူညီကြသည်။ ရုံးသို့ ချက်ချင်းပြန်ပြီး ရန်ကုန်ရုံးချုပ်ကို သတင်းပို့၍ ဆောင်ရွက်မည့် အစီအစဉ်ကို တင်ပြသည်။ ချက်ချင်းဆောင်ရွက်ရန်နှင့် လိုအပ်သည့်ကုန်ကျ စရိတ်ထုတ်ပေးရန် အကြောင်းပြန်သဖြင့် ဆိုဒ်သို့ သွား၍ စီစဉ်ကြရသည်။ ထိုစဉ်က နိုင်ငံရေးအခြေ အနေအရ ညမထွက်ရအမိန့်ထုတ်ပြန်ထားသော်လည်း တပ်မတော်ကုန်တိုက် အရှိန်မိပြီးစီးရေး အတွက် ကျွန်တော်တို့အဖွဲ့ကို တစ်ညလုံး ခွင့်ပြု ထားသည်။

လမ်းထောင့်များမှ မြောင်းကို နှစ်ဖက်အသေ ပိတ်လိုက်ကြသည်။ အလုပ်သမားများကို ကြီးကြပ် ရင်း လိုအပ်သည်များ ဆောင်ရွက်ရင်း ပေါင်းခံရည် သောက်ရင်းဖြင့် တစ်ညလုံး မည်သို့အချိန်ကုန်သွား မှန်းပင် မသိရ။ ၂၈ လမ်းရုံးသို့ မိုးလင်းသည်နှင့် ပြန်ခဲ့၍ ဆောက်လုပ်ရေးပစ္စည်းများ ထုတ်ပေးရန် စီစဉ်၊ လိုအပ်သည့်နေရာသုံးရန် ငွေသားအချို့ကို ထုတ်ပေးခဲ့ပြီး ကျောင်းတွင် စာအုပ်အချို့ယူရန်နှင့် တက္ကသိုလ်စာကြည့်တိုက်မှ စာအုပ်အချို့ ငှားရမ်း ရန် တက္ကသိုလ်ဆေးရုံမှ ဆေးယူရန် ကျောင်းသို့ အချိန်လုပ်ပြေးရပြန်သည်။ စက်ဘီးကို အမြန် နင်းလာရင်း ၃၅ လမ်းရောက်လာပြီး ၃၅ လမ်းနှင့် ၇၈လမ်းတွင် မျက်စေ့ပြာကနဲဖြစ်ကာ မျက်လုံးထဲ မှောင်ကျသွားသည်။ ရင်ဘက်မှလည်း စူးကနဲ ဖြစ်သွားသည်ကို သိလိုက်၍ ပလက်ဖောင်းဘေးသို့ ကပ်၍ရပ်ကာ ငြိမ်နေလိုက်သည်။ မြေကြီးအောက် ကျွဲဝင်သွားသကဲ့သို့ ခံစားရပြီး သတိလစ်သွားခဲ့ သည်။ လမ်းထောင့်ပရိဘောဂလုပ်ငန်းမှ အလုပ် သမားများပြေးပွေ့၍ မဖြုံဖြုံဦး(မြန်မာစာ)အိမ်သို့ ခေါ်သွားသည်။ သတိပြန်ရလာသည်။ (၃၅လမ်းမှ အလုပ်သမားများ၊ ပရိဘောဂလုပ်ငန်း အတော် များများက ကျွန်တော့်ကို သိကြသည်။) ဒုတိယ မိခင်သဖွယ်ဖြစ်သော မဖြုံ၏ မိခင်က ကျွန်တော့် ကိုနှားစေပြီး စားစရာနှင့်ဆေး ကျွေးမွေးပြုစုသည်။ အမသဖွယ်ဖြစ်သော မဖြုံကလည်း နေမကောင်း သည့်ကျွန်တော့်ကို အလုပ်မနှောက်ယှက်သည်။ ကျောင်း နေရန်၊ စားသောက်ရန် တာဝန်ယူပေးကြသော်လည်း ကိုယ့်အားကိုယ်ကိုးစိတ်ဖြင့် ဆက်လက်ချီတက်ခဲ့ သည်။ ၃၅လမ်းပေါ်မှ မိသားစုများက အရင်းအချာ သဖွယ် စောင့်ရှောက်ခဲ့ကြသူများ ဖြစ်ပေသည်။

ကျောင်းသို့ရောက်သော် ကျူတိုရီရယ် ဖြေ ဆိုသည်။ သူငယ်ချင်းများ ကူးပေးထားသော စာအုပ် များယူသည်။ ရာဇတ်ဟောသို့ဝင်၍ အကိုးအကား စာအုပ်များ ရှာရမည်။ ပြီးလျှင် ရုံးသို့ အမြန်ပြန် ရမည်ဖြစ်သည်။ ရုံးလုပ်ငန်းများကလည်း အရေး ကြီးနေပြီ။ စာကြည့်တိုက်တွင် ကတ်တလောက် ကက်ဘိနက်ထဲမှ မိမိလိုချင်သော စာအုပ်ကို ရှာဖွေ သည်။ ငလျင်ဆိုင်ရာခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ် ကတ်တလောက်တွေ့ရသည်။ ထိုစာအုပ်ကို ကျွန်တော်ဖတ်ရှုလေ့လာပြီးဖြစ်သည်။ ငလျင် အကြောင်း စိတ်ရောက်သွားသည်။ ရွေးချယ်ထား သော ကက်တလောက်မှ ၄င်းမည့်စာအုပ်စာရင်းကို စာၵးကောင်တာတွင် ပေးလိုက်ပြီး စာဖတ်ခုံတွင် ထိုင်ရင်း စာအုပ်ကို စောင့်ရသည်။ ထိုင်စောင့်ရင်း ငလျင်အကြောင်း ဆက်စဉ်းစားမိသည်။ မန္တလေး မြို့၏ မြေအနေအထားသည် မြေအောက်ရေစိမ့်ဝင် နေသော မြေအမျိုးအစားဖြစ်သည်။ မြစ်ကမ်းနံဘေး တွင် ရှိသော မြို့၊ မြေပြန့်ပြုံးသောမြို့လည်း ဖြစ် သည်။ မန္တလေးမြို့ မြို့လယ် ၈၁ လမ်း၊ ၈၂လမ်း နှင့် ၈၃လမ်းတို့တွင် မိုးတွင်းလက်ခုပ်တစ်ဖောင် မျှ တူးလျှင် ရေထွက်နေပြီဖြစ်သည်။ စိမ့်ရေဖြစ် သည်။ မြေအမျိုးအစားက ကျောက်ရေမဟုတ်ဘဲ မြေသားသက်သက်ဖြစ်သည်။ စိမ့်ရေကြောင့် မြေ သားမှာ အမြဲစိုစွတ်ပျော့ပျောင်းနေသော သဘာဝရှိ သည်။ ထပ်မြင့် တိုက်ကြီးများဆောက်လျှင် အောက်ခြေအုတ်မြစ် ခိုင်ခံ့ရမည်။ သတ်မှတ် အနက်တူး၍ အုတ်မြစ်ချရုံဖြင့် မပြီး၊ ပိုင်ရိုက်၍ ခိုင်ခံ့အောင် ဆောင်ရွက်ရသည်။ သို့သော် အများစု မှာ သာမန်တူး၍ အုတ်မြစ်ချသည်။ ရေထွက် လာလျှင် အပေါ်မှ ကွန်ကရစ်လောင်း၍ သံမျှင် ဖြင့် တက်လိုက်ကြသည်။ (ထိုခေတ်က ပိုင်ရိုက် ခြင်းကို မဆောင်ရွက်ကြသည်ကများသည်။) ထို့ကြောင့် မြေဗျော့ပေါ်တွင် တည်ဆောက်ထား ကြသည်က များသည်ဟု စဉ်းစားမိသည်။

ကြီးမားသော ငလျင်ကြီးလှုပ်မည်ဆိုလျှင် မြေအောက်မှ ကျောက်ချပ်ကြီးများ ကွဲအက်ရွေ့ လျားမှုကြောင့် မြေအောက်ရေများနှင့် အခိုးအငွေ့ များ အပေါ်တက်လာတတ်သည်။ မြေအောက်ရေ ကြောင့် အပေါ်ယံမြေလွှာပျော့၍ အရည်လည် လာတတ်သည်။ ဓာတ်ငွေ့များ ထွက်သဖြင့် ပူလောင်အိုက်စပ်မှုကို ခံစားရတတ်သည်။ အပေါ် ယံ မြေလွှာအရည်လည်လာလျှင် တိုက်အိမ်များ၏ အလေးချိန်ကြောင့် မြေလွှာတွင်း ကျံဝင်ခြင်းများ ဖြစ်လာနိုင်သည်။ ငလျင်ကြီးလှုပ်ပါကလည်း မြေ လွှာက ထိန်းမထားနိုင်သဖြင့် တိုက်များ တုံးလုံး လဲခြင်း၊ ကျံဝင်ခြင်းတို့ ဖြစ်လာတတ်သည်။ ငလျင်ပြတ်ရွေ့ကြောကြီးကို ပထမနှစ်ကျောင်းသား ဘဝက သွားရောက်လေ့လာဖူးသည်။ ထွဋ်ခေါင် စေတီအနီး စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင် ရိုးတို့ တစ်နှစ်လျှင် မီတာအနည်းငယ်ရွေ့လျား နေကြောင်း ကျောက်တုံးအမှတ်အသားရှိသည်။ ကြီးမားသည့် ငလျင်ကြောင့်၏ အဓိပ္ပာယ်ဖြစ်သည်။ မိမိတို့ ဆောက်လုပ်ထားသောတိုက်များနှင့် အခြား တိုက်တန်းများ၊ တိုးတက်လာမည့် မန္တလေးမြို့ကြီး အတွက် ရင်လေးလာမိသည်။ ငလျင်ကြီး အမှန် တကယ်လှုပ်ပါက တွေးပင်မတွေးရဲ၊ မိမိဖတ်ဖူး သော စာ၊ မိမိလုပ်နေသော လုပ်ငန်းတို့နှင့် ဆက်စပ်တွေး၍ မန္တလေးအတွက် ပူပင်နေမိသည်။

မည်သို့ပင်ဖြစ်စေ မိမိတာဝန်ထမ်းဆောင်နေ သော အလုပ်ကို အကောင်းဆုံးနှင့် အောင်မြင် အောင် ဆောင်ရွက်ရမည်။ တာဝန်ကို ဦးလည် မသုန် ပြီးမြောက်အောင် ဆောင်ရွက်မည်ဟု စိတ်မှာ ထားရင်း ကြိုးစားရမည်သာဖြစ်သည်။ စာအုပ်များ ရပြီဖြစ်၍ ရာဇက်ဟောမှသည် မိမိ၏အလုပ်တို့ကို သို့ စက်ဘီးကို အမြန်နင်းရင်း ပြန်ခဲ့ရတော့သည်။

ဆက်လက်ဖော်ပြပါမည်-

နိုင်ဇလ

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သွားလာပြေးဆွဲနေသော စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဖက်သဘောများကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်နေသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း

နေပြည်တော် စက်တင်ဘာ ၂၉

ဧရာဝတီမြစ်ကြောင်း အတွင်း ခရီးသွားပြည်သူလူထုမှ ခရီးသွားလာခြင်းနှင့် ကုန်စည်ပို့ဆောင်ခြင်းများ ဆောင်ရွက်နေသည့် သဘော်များကို PDF အမည်ခံ အကြမ်းဖက် သမားများက ကုန်စည်စီးဆင်းမှု ပြတ်တောက်စေရန်နှင့် ၎င်းတို့အတွက် ငွေကြေး မလုံလောက်မှုများ ဖြစ်ပေါ်လာသည့် အတွက် ဆက်ကြေးတောင်းခြင်း၊ ဆက်ကြေးမပေးနိုင်သည့် သဘော်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များအား လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများက မတ္တရာမြို့နယ်အတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ကြောင်းနှင့် ၎င်းတို့လှုပ်ရှား သွားလာနေမှုများအား တပ်မတော် စစ်ကြောင်းများသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စက်တင်ဘာလ ၂၀ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရွှမ်းရွပ်ချုံချဲ့တိုက်ခိုက် ချေမှုန်းမှုများကြောင့် ၎င်းကျေးရွာများမှ အကြမ်းဖက်သမားများသည် စက်လေ့များဖြင့် ဆုတ်ခွာ ထွက်ပြေးသွားသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများ နောက်သို့ ထက်ကြပ်မကွာ လိုက်လံရှင်းလင်းရာ မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိရပြီး လူနေအိမ်များကို အကာအကွယ်ရယူ၍ တည်ဆောက်ထားသော သဲအိတ်ဘန်ကာများ၊ ဆက်သွယ်ရေးဓြောင်းများ၊ ပစ်ကျင်းများကို သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကုန်းတန်းလေးကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ကြိမ်တောကျေးရွာ၊ ဘုရားမကုန်းကျေးရွာ၊ ဆူးလေကုန်းကျေးရွာ၊ ရွှေဘောင်ကျေးရွာ၊ သဖန်းဒေါင့်ကျေးရွာ၊ ငယ်တိုးကျေးရွာနှင့် သနပ်ကုန်းကျေးရွာတို့တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်ခြံစည်းရိုးများ၌ အုတ်များ၊ သံပိပါများဖြင့် ပြုလုပ်ထားသည့်ဘန်ကာများ၊ ဆက်သွယ်ရေးတူးဖြောင်းများနှင့် ပစ်ကျင်းများကို သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ယူ၍ ပြည်သူလူထု အသုံးပြုနေသောစစ်ရေးနှင့် မသက်ဆိုင်သည့်

စာမျက်နှာ ၁၉ သို့ ⁎

အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများကို တွေ့ရစဉ်။

မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ လူနေအိမ်များကို အကာအကွယ်ရယူ၍ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် သဲအိတ်ဘန်ကာများကို တွေ့ရစဉ်။

မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်း၌ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် ဆက်သွယ်ရေးဓြောင်းနှင့် ပစ်ကျင်းများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများတွင် အကြမ်းဖက်သမားများအသုံးပြုထားသည့် ဘန်ကာများကို တွေ့ရစဉ်။

* စာမျက်နှာ ၁၈ မှ

ခရီးသွားသဘော်များ။ ကုန်စည်ပို့ဆောင်ရေး သဘော်များကို ပစ်ခတ် တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့ရာ ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ စုစုပေါင်း ၁၄၆ ကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆက်သွယ်
သတင်းပေးပို့နိုင်

ဧရာဝတီမြစ်ကြောင်း အတွင်း ပြည်သူများ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ သယ်ယူပို့ဆောင်နိုင်ရန် အတွက် ဒေသတွင်းကုန်စည် စီးဆင်းမှုကို နှောင့်ယှက် တိုက်ခိုက်နေပြီး ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမား များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နည်းလမ်းမျိုးစုံဖြင့် စုံစမ်းဖော်ထုတ်၍ လိုအပ်သည့် တိုက်ခိုက် ချေမှုန်းရေးလုပ်ငန်း များ ဆက်လက်ဆောင်ရွက် လျက်ရှိပြီး ပြည်သူလူထုအနေ ဖြင့်လည်း အကြမ်းဖက်သမား ကင်းစင်ပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင် သွားလာနိုင်ရန်အတွက် အကြမ်းဖက် သမားများ၏ လှုပ်ရှားသွားလာ ခိုအောင်း နေထိုင်လျက်ရှိကြောင်း သိရှိရပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လှှို့ဝှက်စွာ ဆက်သွယ်သတင်း ပေးပို့နိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုထားသည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုထားသည့် ပစ်ကျည်းများနှင့် ဘန်ကာများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျည်းများကို တွေ့ရစဉ်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား တရားခံများအား လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူလုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နှစ်နိုင်ငံတရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တရုတ်နိုင်ငံမှ အလိုရှိ တရားခံပြေးချန်တာဝေဉီးဆောင်သော ဒုစရိုက်သမားများရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား ချန်တာဝေနှင့် ရန်လျန်အပါအဝင် တရုတ်နိုင်ငံသား တရားခံ ၂၀ တို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။**(ယာဝုံ)**

အဆိုပါ ဖမ်းဆီးရမိသော ချန်တာဝေ ပါ တရုတ်နိုင်ငံသား ၂၀ တို့အား တရုတ်နိုင်ငံ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သောအစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တရုတ်နိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစား လုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်မီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

Hyun Bin နှင့် Son Ye Jin က အိမ်ထောင်သက်နှစ်နှစ်ပြည့် ချစ်မေတ္တာများ ထုတ်ပြထားကြ

ကိုရီးယားအနုပညာရှင်စုံတွဲဖြစ်သည့် Hyun Bin နှင့် Son Ye Jin တို့က အိမ်ထောင်သက်နှစ်နှစ်ပြည့်တွင် ချစ်မေတ္တာများ ထုတ်ပြကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Hyun Bin နှင့် Son Ye Jin တို့ ၂၀၁၈ခုနှစ် The Negotiation တွင် အတူရိုက်ကူးခဲ့ကြပြီး ၂၀၂၀ပြည့်နှစ် Crash Landing on You တွင် ချစ်သူများဖြစ်ခဲ့ကာ ၂၀၂၂ခုနှစ်တွင် လက်ထပ်ခဲ့ကြပြီး သား၊ သမီး နှစ်ဦးရရှိထားသည်။

Hyun Bin က အသက်မွေးဝမ်းကျောင်းတူသည့် ဇနီးသည်ဖြစ်ကာ အိမ်ထောင်တစ်ခုတွင် အရေးကြီးဆုံးဖြစ်သည့် နားလည်မှုနှင့် ပုံပိုးမှုကို ကဏ္ဍပေါင်းစုံမှ လိုအပ်ချက်မရှိ ပုံပိုးပေးခဲ့သူဖြစ်သည်ဟုဆိုသည်။

Son Ye Jin ကလည်း အနုပညာရှင်များစွာနှင့်တွေ့ခဲ့သော်လည်း ရုပ်ချင်းဆင်သည့် Hyun Bin ကို နှစ်သက်ကာ ပင်ကိုယ်စရိုက်နှင့် လူကြီးလူကောင်းပီသမှု၊ ရိုးသားသည့်စိတ်ရင်းတို့ကြောင့် ဘဝအတွက် ယုံကြည်စိတ်ချခဲ့သည်ဟု ခင်ပွန်းကို ထုတ်ဖော်ချီးကျူးသွားသည်။ (SKY)

ပလတ်စတစ်ရေဘူးထဲ၌ ထည့်ထားသည့်သောက်ရေ သွေးတိုး၊ နှလုံး၊ ဆီးချိုနှင့် ဝဖြိုးမှု ဖြစ်ပွားလာစေနိုင်

ယနေ့ခေတ်တွင် သောက်ရေကို ပလတ်စတစ်ဖြင့် ဖန်တီးပြုလုပ်ထားသော ရေဘူးအရွယ်အစားမျိုးစုံထဲသို့ ထည့်ပြီး သောက်ရေသန့်ဟု ကြေညာကာ ဖြန့်ဖြူးရောင်းချနေသော ရေကို လူအများစုသောက်သုံးနေကြသည်။

စင်စစ်တွင် ထိုသောက်ရေသန့်များထဲရှိ ပကတိမျက်စိဖြင့် မမြင်နိုင်သော အဏုပလတ်စတစ်မှုန်များက ရေရှည်တွင် သောက်သုံးသူများကို သွေးတိုး၊ နှလုံး၊ ဆီးချိုနှင့် ဝဖြိုးမှု ဖြစ်ပွားလာစေနိုင်ကြောင်း ကာတာနိုင်ငံရှိ ဝီလ်ကော်နဲလ် ဆေးကျောင်းမှ သုတေသီများမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ပလတ်စတစ်ဘူးများထဲတွင် ထည့်ထားသော ရေကို ငွေကုန်ကြေးကျခံကာ အများသောက်သုံးစေမည့်အစား သက်ဆိုင်ရာအစိုးရအာဏာပိုင်များအနေဖြင့် အများပြည်သူအတွက် ပိုက်လိုင်းသွယ်တန်းပြီး ဖြန့်ဖြူးပေးနေသော ဈေးနှုန်းသက်သာသောရေကို ရောဂါပိုးကင်းစင်ကာ သောက်သုံးသူများ ဘေးကင်းလုံခြုံအောင် ဆောင်ရွက်ပေးသင့်သည်ဟု အဆိုပါသုတေသီများက အကြံပြုတင်ပြထားကြောင်း သိရသည်။ SCI

Xiao Zhan က ရိုက်ကူးရေးအဖွဲ့သားများ (DXJZ) ကို Happy Mid-Autumn Festival ဟုဆို၍ မုန့်ကျွေး

တရုတ်အနုပညာရှင် Xiao Zhan သည် ရိုက်ကူးရေးအဖွဲ့သားများကို မကြာခဏ မုန့်ဝယ်ကျွေးလေ့ရှိပြီး ယခု (DXJZ) ရိုက်ကွင်းတွင်လည်း ပေါ့ရွှင်စရာပွဲတော်အဖြစ် မုန့်ဝယ်ကျွေးခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သားများအားလုံးကို Xiao Zhan က Mc Donald's မုန့်များ ဝယ်ကျွေးခဲ့ရာ အဖွဲ့သားငါးရာလောက် ရှိသည်ဟု သိရသည်။

ယခင်ရက်များကလည်း ရိုက်ကူးရေးအဖွဲ့သားများကို တိုက်ရန် Milktea ၅၀၀ မှာခဲ့ရာ ဆိုင်ဝန်ထမ်းတစ်ဦးက မနက်ငါးနာရီမှ ၁၀ နာရီခွဲအထိ လုပ်ပေးခဲ့ရသည်ဟု ပြောကြားထားသည်။

Xiao Zhan သည် Beijing, Macau များသို့ ခရီးထွက်နေရာမှ Greater Bay Area Macau Gala ပွဲသို့ တက်ရောက်မည်ဖြစ်သည်။ (SKY)

Emily In Paris Season 5 ရိုက်ကူးမည်

Netflix ၏ ထိပ်ဆုံးနံပါတ်တစ်စာရင်းဝင် Emily In Paris Season 4 ရိုက်ကူးထုတ်လွှင့်ခဲ့ပြီးနောက် အပိုင်းငါး ဆက်လက်ရိုက်ကူးမည်ဟု ကြေညာထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအားလုံး သပ္ပတ်အူကဲ့သို့ ရှုပ်ထွေးကာ ဖောက်ပြန်နေကြသော်လည်း ပဲရစ်မြို့၏ အလှအပ ဖက်ရှင်စတိုင်လ်များနှင့် သရုပ်ဆောင်ချောမောမှုကြောင့် အောင်မြင်မှုရရှိထားခြင်းဖြစ်သည်ဟု အနုပညာဝေဖန်သူတစ်ဦးက ပြောကြားထားသည်။

ယင်းဇာတ်ကားမှ တောင်ကိုရီးယားနွယ်ဖွား အမေရိကန်မင်းသမီး Ashley Park မှာ မင်းသားဖြစ်သူ Paul Forman နှင့် ဇာတ်လမ်းထဲတွင်သာမက ပြင်ပတွင်လည်း ချစ်သူများဖြစ်ကြသည်။ (SKY)

G Dragon က Melon တွင် ထိပ်ဆုံးနေရာ ရပ်တည်နေ

K Pop ဘုရင်ဟု သတ်မှတ်ခံရသည့် G Dragon ခေါ် Kwon Jiyong သည် သီချင်းသစ်ထွက်ရှိထားခြင်း မရှိသော်လည်း နာမည်ကြီးအနုပညာ Melon တွင် နံပါတ်တစ်နေရာ ရပ်တည်နေဆဲဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Melon စာရင်းတွင် နာမည်ကျော်အနုပညာရှင်များနှင့်အတူ ထိပ်ဆုံးစာရင်းတွင် G Dragon၊ လင်းယောင်ဝေါင်၊ ပါတီကို၊ အက်ဖ်တီမှ လီဟွန်ကီး၊ ဆမ်စမစ်တို့နှင့် ထိပ်ဆုံးငါးဦး နေရာရခဲ့သည်။

ဟိုင်ကွန်၊ ကင်ဘွန်ဆူ၊ ကင်နာယောင်း၊ ဖစ်တင်ဖစ်တင်းနှင့် တူးအက်ဖ်မှ ရှင်ဟောင်ရှေးတို့က နံပါတ်တစ်ဆယ်စာရင်းတွင် အစဉ်လိုက်ပါဝင်ထားကြသည်ကို တွေ့ရ၍ ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ (SKY)

Kim Go Eun က ကနေဒါပွဲသို့ ဆံပင်စတိုင်လ်သစ်နှင့်တက်ရောက်ခဲ့

နာမည်ကြီးအနုပညာရှင် စာရင်းဝင် Kim Go Eun သည် ကနေဒါနိုင်ငံတွင် ကျင်းပသည့် Toronto International Film Festival ပွဲသို့ ကတုံးဆံပင်စတိုင်လ်သစ်နှင့် တက်ရောက်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Kim Go Eun သည် မှင်စာချစ်သူနှင့် ပရိသတ်အားပေးမှုရရှိခဲ့ပြီး ဇာတ်ရုပ်ခံစားစီးမျောမှုတွင် ပိုင်နိုင်လွန်းသူဖြစ်၍ အနုပညာထူးချွန်ဆုများစွာ ဆွတ်ခူးရရှိထားသူလည်းဖြစ်သည်။

လက်ရှိရိုက်ကူးနေသည့် The Price of Confession ဇာတ်လမ်းတွဲအတွက် ကတုံးဆံပင်ပေါက်စတိုင်လ်ညှပ်ထားသော ဆံပင်စတိုင်လ်သစ်နှင့် ကနေဒါပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်ကာ သူပါဝင်ထားသည့် ရုပ်ရှင် Love in the Big City အတွက်ဖြစ်သည်။

အဆိုပါ ဆံပင်ပုံစံသစ်နှင့် လှပနေသော Kim Go Eun ကို Toronto International Festival တွင် လှပစွာ မြင်တွေ့ကြရသည်။ (SKY)

Dua Lipa ကို ခဲတံချွန်စက်ကြီးဟု သတ်မှတ်ခံရ

ကမ္ဘာကျော်အဆိုတော် Dua Lipa သည် ပွဲထွက်စဉ်က စင်ကြောက်သူတစ်ဦးဖြစ်ပြီး စင်ပေါ်တွင် ခဲတံချွန်စက်ကြီးဟု သတ်မှတ်ခံရသည်ထိ ဖြစ်ခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ Dua Lipa က Headline လှုပ်ရှမည့်ပွဲများနှင့် Tour အသစ်ပွဲများအတွက် Rehearsal လုပ်နေရာ တစ်နေ့ကို ငါးနာရီကြာ လေ့ကျင့်နေသည်။

Dua Lipa က ဤကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ရခြင်းအကြောင်းကို အင်တာဗျူးတစ်ခုတွင် ပြောကြားထားရာ ပထမဆုံး Tour ပွဲလှုပ်စဉ်က စင်ကြောက်၍ စင်ပေါ်တွင် ဂယက်ထခဲ့သဖြင့် ခဲတံချွန်စက်ကြီးဟု ပရိသတ်က သတ်မှတ်ခဲ့ကြသည်ဟုဆိုသည်။

နာမည်မကြီးတော့တဲ့ အနားယူချိန်ကြာသွား၍ဖြစ်စေ၊ သေဆုံးသွားလွှင့်ဖြစ်စေ Dua Lipa အမည်ရော သီချင်းများပါမကျန်ခဲ့ဘဲ ခဲတံချွန်စက်ကြီးသာ ကျန်ခဲ့မည်စိုး၍ အချိန်ပေးပြီး အက လေ့ကျင့်နေရသည်ဟု ရင်းနှီးစွာ ရင်ဖွင့်ပြောကြားသွားသည်။ (SKY)

မန္တလေးမြို့၊ ဒေါင်းမြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၈) ဦးပိုင်အမှတ်(၃၆) ဧရိယာ(၀ ဒသမ ၀၂၈၃)ဧက အကျယ်အဝန်းရှိသော ခေါ်တင်တင်ဝင်း အမည်ဧပါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးကျော်ဝင်း(ခ)အက်စလမ်း(ဘ)ဦးရာကွတ်(ဇ/မနမ(နိုင်)၀၉၈၇၅၀)၊ (၂) ဒေါ်တင်မာလွင်ဦး(ဘ)ဦးရာကွတ်(ဇ/မနမ(နိုင်)၀၉၈၇၅၁)၊ (၃) ဒေါ်မာလွင်ဦး(ဘ)ဦးရာကွတ်(ဇ/မနမ(နိုင်)၁၁၁၉၃၃)၊ (၄) ဒေါ်စံပါယီခိုင်(ဘ)ဦးရာကွတ်(ဇ/မနမ(နိုင်)၀၉၈၇၅၃)၊ (၅) ဒေါ်စံပါယီဖြူ(ဘ)ဦးရာကွတ်(ဇ/မနမ(နိုင်)၀၉၈၇၅၅)၊ (၆) ဦးကျော်စွာထွေး(ဘ)ဦးရာကွတ်(ဇ/အမဓ(နိုင်)၀၁၂၇၅၈)၊ (၇) ဒေါ်မေစင်ကျော်(ဘ)ဦးကျော်တင့်(ဇ/အမဓ(နိုင်)၀၄၄၂၂၈)၊ (၈) ဒေါ်မေသဇင်ကျော်(ဘ)ဦးကျော်တင့်(ဇ/အမဓ(နိုင်)၀၆၉၉၆၄)၊ (၉) ဦးကျော်ကျော်ဦး(ဘ)ဦးကျော်တင့်(ဇ/အမဓ(နိုင်)၀၈၁၆၁)၊ (၁၀) ဒေါ်မဓိုးဟန်(ဘ)ဦးစိုးမြင့်(ဇ/အမဓ(နိုင်)၀၆၇၈၀၄)၊ (၁၁) ဒေါ်ရွှေပြည့်လှ(ဘ)ဦးကျော်စွာဝင်း(ဇ/အမဓ(နိုင်)၀၆၇၈၀၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဒေါ်ခင်နီနီစိုး (LL.B)

(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)

Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။

ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029

ladylawyer.khinninisoe@gmail.com

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၁၂)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှထွန်းအမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်(၅၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ခေါ်မေကြည်အောင် အမည်ပေါက် ဂရန်မြေကွက်များသည် ခေါ်မေကြည်အောင် လက်ရှိတရားဝင်ပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ခေါ်မေကြည်အောင်(ဇ/မရတ(နိုင်)၀၃၂ ၀၀၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်များအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း နိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ–

ဦးဌေးလွင်

(စ/ပခက(နိုင်)၀၇၈၆၃၀)

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးကိုလေး (LL.B)

တရားလွှတ်တော်ရှေ့နေ

အကွက်(၃၃၆)၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၀၄၅၆၅၊ ၀၉-၄၀၂၀၀၄၅၆၅

အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးမင်းသုရ+ခေါ်ဝါဝါစိုးတို့၏ သမီး Ever Learn Private School Grade-3 ၌ ပညာသင်ကြားနေသော မထက်အိအိမင်းသူ အား မထက်အမရာမောင် ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

မထက်အမရာမောင်

အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၁၃၅-ခ)၊ ဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ ဦးစံလင်းအမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးထရံကာ(၂)ထပ် အဆောက်အအုံ၊ ရေ+မီး သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်+နိုတြီအထွေထွေကိုယ်စားလှယ် ပါဝါလက်ခံကာ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာလာရွှေ(၁၁)ဦးအေးရွှေ(ဇ/အဓ(နိုင်)၀၀၅၃၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခွဲထွဋ်စိုး (LL.B)

(တရားလွှတ်တော်ရှေ့နေ)

ဒေါ်ဝင်းဝင်းရွှေ (LL.B)

(တရားလွှတ်တော်ရှေ့နေ)

အမှတ်(၁၇၀)၊ ၂၉လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ချမ်းသာသစ်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၃၁၀၀၄၀၄၊ ၀၉-၉၆၄၁၀၀၄၀၄၊ ၀၉-၄၀၂၆၂၁၇၅၊ ၀၉-၉၇၀၈၈၂၀၅၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၇)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆×၄၀)ပေ အကျယ်အဝန်းရှိ ခေါ်ဝေါင်း အမည်ဖြင့် မြေနေရာချထားခြင်းခံခဲ့ရသည့်မြေကွက်၏ မြောက်ဘက်အနှံ့အဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်မှု၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသည့် ခေါ်ရီရီဝင်း(ဘ)ဦးဝင်းကြည်(ဇ/ပကခ(နိုင်)၀၂၆၀၀)နှင့် ခေါ်တင်တင်ဝင်း(ဘ)ဦးဝင်းကြည် (ဇ/မရတ(နိုင်)၀၁၃၄၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးတင်အောင်မိုး (LL.B, LL.M)

တရားလွှတ်တော်ရှေ့နေ

ဒေါ်ဆီဆီမွန် (LL.B, LL.M)

တရားလွှတ်တော်ရှေ့နေ

ဒေါ်အေးစုထွန်း (LL.M)

တရားလွှတ်တော်ရှေ့နေ

ဦးကြည်ဖေ (LL.B)

အထက်တန်းရှေ့နေ

ဦးစည်သူအောင် (LL.B)

အထက်တန်းရှေ့နေ

ဒေါ်သဲမိုမိုထွန်း (LL.B)

အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၆၀၆၀၃

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၅(F)လမ်းနေ ဒေါ်ထက်ထက်ကျော်(ခ)တုံတုံ(ဘ)ဦးခင်အောင်မိုး(၁၁/စတန(နိုင်)၀၆၇၁၃၁)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၅(F)လမ်းနေ ဦးပြည့်ဖြိုးမြင့်(ခ)ကိုဖြိုး(ခ)ဆာဝါဒီ(ဘ)ဦးကုလား(၁၂/လကန(နိုင်)၀၃၀၆၈)နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်ကျော်(ခ)တုံတုံ(ဘ)ဦးခင်အောင်မိုး(၁၁/စတန(နိုင်)၀၆၇၁၃၁)တို့သည် ၂၀၂၀ ခုနှစ်ကတည်းက လက်ထပ်ပေါင်းသင်းခဲ့ပြီး (၉)နှစ်အရွယ် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဆင့်ပွန်းဖြစ်သူ ဦးပြည့်ဖြိုးမြင့်(ခ)ကိုဖြိုး(ခ)ဆာဝါဒီနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်ကျော်(ခ)တုံတုံတို့၏ လင်မယားနှစ်ဦးပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျုံဂုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၅၆)၊ ဦးပိုင်အမှတ်(၈/၂)၊ ဧရိယာ (၂၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကံဆွန် အမည်ပေါက် ဥယျာဉ်ခြံမြေအတွင်းမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်ကျော်(ခ)တုံတုံ အမည်ဖြင့် ဝယ်ယူထားသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းနှင့် နေအိမ်ရှိ အတွင်းပစ္စည်းများအားလုံးကို ဇနီးဖြစ်သူ ဒေါ်ထက်ထက်ကျော်(ခ)တုံတုံ မသိရှိဘဲ ယူဆောင်၍ ၂၄-၉-၂၀၂၄ရက်နေ့ နံနက်(၄)နာရီခွဲခန့်အချိန်ခန့်တွင် ခင်ပွန်းဖြစ်သူ ဦးပြည့်ဖြိုးမြင့်(ခ)ကိုဖြိုး(ခ)ဆာဝါဒီ၏ သဘောဆန္ဒအတိုင်း နေအိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ ထိုသို့ နေအိမ်ပေါ်မှ ဆင်းသွားသည်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် လုပ္ပရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဥရေးကြေးရေး အရှုပ်အရှင်းကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်ကျော် (ခ)တုံတုံ၏ သဘောတူညီချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်းများ အစရှိသည့် ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေအရ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ဦးပြည့်ဖြိုးမြင့်(ခ)ကိုဖြိုး(ခ)ဆာဝါဒီနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အေးဖြိုးစန်

အထက်တန်းရှေ့နေ(LL.B)

(ဖ-၂/၁၃၃)၊ ၅၈-ဘီလမ်း၊ ၁၁၁-အေလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၇၈၉၉၇၈၉၉၇

သားအဖြစ်မှ အဓမ္မပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်(G-43)(ဦးဝင်းဦး)(ဇ/မရမ(နိုင်)၀၄၂၀၀၀)နှင့် ခေါ်ခင်စန်းယု(ဇ/မရမ(နိုင်)၀၄၂၁၀၃)တို့၏သားဖြစ်သူ မောင်ဇင်ဝေယံဖြိုး(ဇ/ခမစ(နိုင်)၁၈၀၉၉၃)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ဇင်ဝေယံဖြိုးနှင့်ပတ်သက်သည့် ငွေရေးကြေးရေးအရှုပ်အရှင်း ကိစ္စအရပ်ရပ်အားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းယု

အမှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းတွင် မြေကွက်လပ်ကို မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ ခွင့်ပြုမိန့်တင်ပြတောင်းခံ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခွင့်ပြုမိန့်တင်ပြခြင်းအတွက် ပေးသွင်းမည့် အခွန်နှုန်းထားနှင့် ခွင့်ပြုမိန့်တင်ပြခြင်းမရှိဘဲ ဆောင်ရွက်ခြင်းအတွက် ပေးဆောင်ရမည့်ဒဏ်ကြေးငွေ နှုန်းထားများအား အောက်ဖော်ပြပါအတိုင်း(၁-၁၀-၂၀၂၄)ရက်နေ့မှစ၍ သတ်မှတ် ကောက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	အကြောင်းအရာ	အတိုင်းအတာ	နှုန်းထား(ကျပ်)
(က)	ခွင့်ပြုမိန့်တောင်းခံပါက ကွင်းဆင်းစစ်ဆေးခ	၁ ကုဗပေ	၃၀/-
(ခ)	ခွင့်ပြုမဲ့ဆောင်ရွက်ပါက ဒဏ်ကြေးငွေ	၁ ကုဗပေ	၁၀၀၀/-

အဆောက်အအုံနှင့် ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အမှားသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၈)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဝမ်ဆိုက်သင်း(ဘ)ဦးဝမ်ဂျီး(၁၃/ကခန(နိုင်)၀၃၄၆၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဘုန်း(LL.B)
တရားလွှတ်တော်ရှေ့နေ

ဦးရဲဝင်း	ဦးပြည့်ကိုကို	ဒေါ်မြင့်မြင့်အေး	ဒေါ်ချောစု	ဒေါ်မူမူမြင့်
(LL.B)	(LL.B)	(LL.M)	(LL.B)	(LL.B)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(ဆေ-၈)၊ ၃၁လမ်း၊ လမ်းဂုဝနှင့် ဂုဂလမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းသာမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၃၆၇၊ ၀၉-၇၆၂၀၃၃၆၇၊ ၀၉-၇၉၂၀၃၃၆၇၊ ၀၉-၄၀၂၀၃၃၆၇

လေလံခေါ်ခြင်း

ခရိုင်လေလံတင်ရောင်းချရေးကော်မတီမှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်(အဆံပါ)၊ ကျွန်းဆက်တီ(အစိတ်အပိုင်း)၊ ကျွန်းစားပွဲ(အစိတ်အပိုင်း)၊ ကျွန်းဘုရားစင်(အစိတ်အပိုင်း)များနှင့် ကျွန်းခွဲသား(ပွတ်လုံး)၊ ဝိတောက်ခွဲသား(ထိုင်ခုံပုံကြမ်း)နှင့် အင်တိုင်များအား မျက်မြင်အခြေအနေအတိုင်း (၁၀-၁၀-၂၀၂၃)ရက် (ကြာသပတေးနေ့)နံနက် (၀၉း၀၀)နာရီတွင် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များနှင့် မန္တလေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း-

လေလံလျှောက်လွှာရောင်းချမည့်ရက် – (၃-၁၀-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့)မှ (၈-၁၀-၂၀၂၄)ရက် (အင်္ဂါနေ့)ထိ
လေလံဈေးခေါ်ခြင်းခံရမည့်ရက် – (၉-၁၀-၂၀၂၄)ရက်နေ့ရုံးချိန်အတွင်း
ဆက်သွယ်ရမည့်ဖုန်းနံပါတ် – ၀၉-၄၃၀၄၂၂၃၄၂၊ ၀၉-၄၂၀၂၃၄၄၀၊ ၀၉-၄၀၂၆၈၃၃၄၂၊ ၀၉-၄၀၉၇၀၁၇၂၂

အမှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၄)၊ ဦးပိုင်နံပါတ်(၁၂၅)ဟု ဒေါ်ထွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကခန့်(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်ကြည်(ဘ)ဦးအေးမောင်(၄/တဘန(နိုင်)၀၀၇၇၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်အေးနုနွာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ
ဒေါ်မာလာမိုး (LL.B) အထက်တန်းရှေ့နေ
ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၁၂၅၄၊ ၀၉-၉၇၇၄၄၉၄၄၊ ၀၉-၄၀၂၅၉၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်၊ အမှတ်(415N-1)ရပ်ကွက်နေ ဦးသန်းတန်(၉/မလန(နိုင်)၀၃၅၆၆၉)နှင့် ဒေါ်သီတာအေး(၈/ရနခ(နိုင်)၀၈၇၃၉၈)တို့၏ သမီးဖြစ်သူ မအေးမြတ်မွန်(၉/အမဇ(နိုင်)၀၂၉၀၄၁)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ၄င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မအေးမြတ်မွန်နှင့်ပတ်သက်သည့် ငွေရေးကြေးရေးအရှုပ်အရှင်းကိစ္စအရပ်ရပ်အားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသိန်းတန်၊ ဒေါ်သီတာအေး

အမှားသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၄)၊ ဦးပိုင်အမှတ်(၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၄၈)ဧက အကျယ်အဝန်းရှိ ဒေါ်ကေသီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကေသီ(ဘ)ဦးရွှောဘ(၉/ပသက(နိုင်)၁၀၁၃၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးစော်မင်း (LL.B) တရားလွှတ်တော်ရှေ့နေ

၈-၄/၇၅၊ ၁၀၃(A)လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မြို့သစ်(၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၁၅၁၂၉၉

"Gu Guu"ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားနေ ဦးဝင်းမင်းထိုက်(ဘ)ဦးခင်မောင်လတ်(၉/မရမ(နိုင်)၀၈၃၄၈၉)၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

" Gu Guu "
စာချုပ်အမှတ်(၂၉၈၅/ ၂၀၂၄)

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမင်းထိုက်သည် အထက်ဖော်ပြပါ "Gu Guu"တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှမူရင်း၏ မှတ်ပုံတင်စာချုပ်အမှတ်(၂၉၈၅/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် (ခြင်ထောင်၊ မွေ့ယာ၊ ခေါင်းအုံး၊ ဖက်လုံးနှင့် ကလေးအသုံးအဆောင်အမျိုးမျိုး)တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမင်းထိုက် ပိုင် "Gu Guu"အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍(ခြင်ထောင်၊ မွေ့ယာ၊ ခေါင်းအုံး၊ ဖက်လုံးနှင့် ကလေးအသုံးအဆောင်အမျိုးမျိုး)တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဦးဝင်းမင်းထိုက်၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန်ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ခင်နီနီစိုး (LL.B)
(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)

Office- အမှတ်(၁၀၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029
ladylawyer.khinninisoe@gmail.com

"အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၈-၃)၊ ဦးပိုင်အမှတ် (၁၀၃) ဟု ခေါ်တွင်သော မြေဧရိယာ (၀ . ၀၃၀) ဧက / (၃၀ × ၄၅) ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်ထဲမှ **တောင်ဘက်ခြမ်း (၁၅ × ၄၅) ပေ** အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသူဟု အဆိုပြု ရောင်းချသူ **ခေါ်ခမင်းခေလး** (ဘ) ဦးမောင်မောင် [၉/မရမ (နိုင်) ၀၁၆၁၈၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြေငြာပါသည့် ရက်မှစ၍ (၇) ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –

ခေါ်ခိုင်မေလွင် (LL.B, DIL)

(အထက်တန်းဒဂ္ဂနေ)

၅၇×၅၈ လမ်းကြား။ ၃၈(E) လမ်း။ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ **(၀၉-၄၀ ၂၅၈၀၉ ၂၁)**

"အများသိစေရန်ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး ၊ ပုသိမ်ကြီးမြို့နယ် ၊ စည်သာယာရပ်ကွက် ၊ အကွက်အမှတ် (၄၈၇) ၊ ဦးပိုင်အမှတ် (၈/၂၉၅) ၊ မြေဧရိယာ (၄၀ × ၆၀) ပေ အကျယ်အဝန်းရှိ **ဦးကိုကိုနိုင်၊ ဒေါ်ခင်သီတာအေး** အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ **အနောက်ဘက်ခြမ်း မြောက်ဘက်လှည့် ဧရိယာ (၃၀ × ၄၀) ပေ** အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသူဟု အဆိုပြု ရောင်းချသူ **ခေါ် ခဋ္ဌခင်မြ** (ဘ) ဦးတင်ဝင်း [၁၂/အလန (နိုင်) ၀၄၁၇၆၉] ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြေငြာပါသည့် ရက်မှစ၍ (၇) ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –

ခေါ်ခိုင်မေလွင် (LL.B, DIL)

(အထက်တန်းဒဂ္ဂနေ)

၅၇×၅၈ လမ်းကြား။ ၃၈(E) လမ်း။ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ **(၀၉-၄၀ ၂၅၈၀၉ ၂၁)**

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၁)၊ ဦးပိုင်နံပါတ်(၇၀)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်တင်တင်ရီအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ရင်ခွင်(ဘ)ဦးကျန်ရှင်းဆိုက်(၁/မမန(ပြု)၀၀၀၃၁)(၄င်း၏ ကိုယ်စား ဦးသန်းမြတ်လင်း(ဘ)ဦးထွန်းအောင်(၉/ခမစ(နိုင်)၀၄၁၃၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

ခေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

ခေါ်အေးစုထွန်း (LL.M) တရားလွှတ်တော်ရှေ့နေ

ဦးကြည်ယံ (LL.B) အထက်တန်းရှေ့နေ

ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ

ခေါ်သဲမိုမွှန်းထွန်း (LL.B) အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃ ၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀ ၂၆၀၆၀၄၁

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈-၁၃)၊ ဦးပိုင်နံပါတ်(၆၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၄)ဧက အကျယ်အဝန်းရှိ ဦးမြမောင် အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ (ဖခင်)ဦးမြမောင် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမင်းမင်းထိုက်(၉/ညညန(နိုင်)၁၁၉၃၇၄)၊ ခေါ်သင်းသင်းမြတ်(၉/ခမစ(နိုင်)၀၀၃၇၅၅)၊ ဦးဝင်းဝင်းထိုက်(၉/ခမစ(နိုင်)၀၀၈၇၀၂)နှင့် ဦးလင်းလင်းထိုက်(၉/ခမစ(နိုင်)၀၃၀၇၈၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

ခေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ

ခေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ

ခေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ

ခေါ်ဇူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃ ၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀ ၂၅၉၅၀ ၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

ဝန်ထမ်းအလိုရှိသည်

(၁) အရောင်းစာရေး (မ) (၂)ဦး
(၂) အရောင်း+စာရင်းကိုင်(လက်ရေး) (မ) (၂)ဦး
(၃) အထွေထွေ (ကျား) (၂)ဦး
(၄) ထမင်းဟင်းချက် (မ) (၁)ဦး

အမှတ်စဉ်(၁)၊(၂) အထက်တန်း(သို့) ဘွဲ့ရရှိသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။ လျှောက်ထားလိုပါက ကိုယ်ရေးရာဇဝင် အချက်အလက်များနှင့် သက်ဆိုင်ရာ ထောက်ခံစာများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

စွမ်းထက်

ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးရောင်းဝယ်ရေး

၃၁လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊

မန္တလေးမြို့။

အိမ်ဆောက်မိန့် ကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မြို့နယ်	ရပ်ကွက်	အကွက်	ဦးပိုင်	အမျိုးအစား
၁။	ခေါ်ခင်မျိုးထွေး	၁၃/နခန(နိုင်)၀၀၆၉၉၇	ချမ်းအေးသာစံ	ကန်ကောက်	၅၁၄/၂	၁၇၀	RC ၂ထပ်
၂။	ခေါ်ခင်ခင်(ပါ-၆)	၉/မရတ(နိုင်)၀၇၁၃၀၇	ချမ်းမြသာစည်	မြို့သစ်-၄	ဇ-၅	၁၉၆ခဲစင်း	RC ၃ထပ်
၃။	ဦးထက်အောင်(၁)လေဒနတ်	၉/မကန(နိုင်)၁၂၆၃၅၈	ချမ်းမြသာစည်	ထွန်တုံး	၈၈-၆	၄၄.က	RC ၂ထပ်
၄။	ခေါ်မြနှင်းဝေ	၁၂/မရက(နိုင်)၀၈၀၉၅၂	ပြည်ကြီးတံခွန်	(ဇ)	ညည-၆	၈	SS ၁ထပ်
၅။	ဦးအေးကို(ပါ-၂)	၅/ဝလန(နိုင်)၀၀၄၇၂၆	အောင်မြေသာစံ	မဟာဇေယျာဘုံ	၅၁၄/၈	၂၂	SS ၄ထပ် ဓာတ်လှေကားတိုးချဲ့
၆။	ဦးလွန်းမောင်	၉/မနတ(နိုင်)၀၆၈၇၀၃	အောင်မြေသာစံ	သီရိမာလာအရှေ့	၁၈၆	၄၅ ခ	SS ၄ထပ်
၇။	ခေါ်အင်ပွယ်ကြိုင်(ခ) နီနီဝင်း(ပါ-၂)	၉/မရမ(နိုင်)၀၈၅၄၀၉	ချမ်းအေးသာစံ	ဟေမာဇလ	၆၂၁	၂၃+၂၄က	မြေအောက်ထပ်+RC ၃ထပ် +ခံစည်းရိုး
၈။	ခေါ်သူဇာအောင်	၉/မရတ(နိုင်)၁၃၁၃၀၃	ချမ်းမြသာစည်	မြို့သစ်(၂)	ဆ-၆	၄၄-ခ	RC ၃ထပ်
၉။	ဦးမျိုးဝင်း	၅/ကလထ(နိုင်)၀၀၉၂၀၈	ချမ်းမြသာစည်	ကံသာယာ	ခခ-၁	၃၃	RC ၄ထပ်
၁၀။	ခေါ်စန္ဒာ	၁၃/လရန(နိုင်)၀၉၁၆၆၆	ချမ်းမြသာစည်	ကံသာယာ	ဆဆ-၂	၄၅၁ခဲစင်း	RC ၃ထပ်
၁၁။	ခေါ်အေးနှင်းဖြူ	၅/ကသန(နိုင်)၀၀၅၅၃၀	ပြည်ကြီးတံခွန်	(စ)	တတ-၃၇	၄၈	ခြံစည်းရိုး
၁၂။	ဦးလင်းလင်းထွန်း	၉/စကတ(နိုင်)၀၈၇၃၈၈	ပြည်ကြီးတံခွန်	(ဈ)	၀၀-၅၄	၄၇	RC ၃ထပ်
၁၃။	ဦးမျိုးသူဟန်	၁၃/သပန(နိုင်)၀၆၂၆၄၈	မဟာအောင်မြေ	မဟာမြိုင်-၁	အပိုင်း-၁၁	၂၅	RC ၄ထပ်
၁၄။	ခေါ်ငြိမ်းရတနာဓိုလ်	၉/မတရ(နိုင်)၁၆၂၇၅၆	မဟာအောင်မြေ	မဟာမြိုင်-၂	ပ-၈	၃၂-ခ	မြေ+RC ၄ထပ် ပုံစံပြောင်း
၁၅။	ခေါ်ခင်မြလွင်(ပါ-၄)	၉/မရမ(နိုင်)၀၆၈၀၁၃	ချမ်းအေးသာစံ	စိတ္တရမဟီ	၇၂၂	၄၄(ခဲစင်း)	RC ၃ထပ်
၁၆။	ဦးရယ်ဒမ်းတန်	၁/မကန(နိုင်)၀၃၆၈၇၀	မဟာအောင်မြေ	မဟာမြိုင်-၂	၈၂၁	A4+B4	မြေ+RC (၁၁)ထပ်

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အိမ်ဖျက်မိန့် ကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဖျက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မြို့နယ်	ရပ်ကွက်	အကွက်	ဦးပိုင်	အမျိုးအစား
၁။	ခေါ်ခင်မျိုးထွေး	၁၃/နခန(နိုင်)၀၀၆၉၉၇	ချမ်းအေးသာစံ	ကန်ကောက်	၅၁၄/၂	၁၇၀	ထရံကာ (၁)ထပ်ဖျက်
၂။	ခေါ်သက်သက်ဆွေ	၉/မရမ(နိုင်)၀၀၀၇၉၂	ချမ်းအေးသာစံ	မောရက်ဝါ	၇၀၃	၁၆(ခ)	ခံကပ် ၂ထပ် ဖျက်
၃။	ဦးကျော်ဝင်း	၁၃/မဆတ(နိုင်)၀၄၇၀၆၆	ပြည်ကြီးတံခွန်	ချမ်းမြသာယာ	ယ-၁	၂၆	RC ၂ထပ် ဖျက်
၄။	ခေါ်လင်ရီဖန်(ခ)အိဖြူစင်	၁၃/မဆတ(နိုင်)၀၃၁၃၆၆	မဟာမြိုင်-၂	မဟာမြိုင်-၂	ပ/၁	၉၀	RC ၁ထပ် ဖျက်
၅။	ဦးမျိုးသူဟန်	၁၃/သပန(နိုင်)၀၆၂၆၄၈	မဟာအောင်မြေ	မဟာမြိုင်-၁	အပိုင်း-၁၁	၂၅	ခံကပ် ၂ထပ် ဖျက်မိန့်

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၃)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ လမ်း ၁၄၀နှင့် ၁၄၁လမ်းကြားရှိ ဦးသောင်းစိန် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးသောင်းစိန်၊ မိခင် ခေါ်စန်းမြင့်၊ (သား)ဦးဇော်ဇော်အောင်(လူမျိုးကြီးဘဝ)တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၆၄၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သားများဖြစ်ကြသည့် ဦးညွန့်ဝင်း၊ ဦးသန်းထွန်းဝင်းတို့၏ (GP ရရှိသူ ဦးထွန်းလှိုင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၀၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဇေယျ(၁/မကန(နိုင်)၁၈၂၉၃၇)၊ ခေါ်မျိုးမျိုး(၁၃/သပန(နိုင်)၁၉၄၄၈)တို့က အမှုတွဲအမှတ်(၄၀၂၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး မြို့ပြမ်းကိန်းနှင့် ပြေစီမံခန့်ခွဲရေးမှူး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈-၃)၊ ဦးပိုင်အမှတ်(၇+စအတွင်းမှ ခဲစင်းပြု၇/ခဲစင်း)၊ ၁၁၀လမ်း၊ ၅၇လမ်းနှင့်၅၈လမ်းကြားရှိ ဝိုလ်မူး မောင်ဒွေး အမည်ပေါက် ဂရန်မြေကွက်အား ဝိုလ်မူး မောင်ဒွေး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၁၇၉/ ၂၀၀၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ခေါ်ဝေဝေလွင်၏ (GP ရရှိသူ ဦးအိုက်နမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၀၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်မိုး(၅/မတ(နိုင်)၀၀၅၈၇၈)က အမှုတွဲအမှတ်(၄၀၂၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန၊

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် စမုံချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ ရထားလမ်းပိုင်းများနှင့် စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ညွှန့်ဇေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် သာစည်-ဘူတာမှတစ်ဆင့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင် နေရာသို့ မီးရထားစီးနင်း၍ သွားရောက်ခဲ့ပြီး မီးရထားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်း၊ ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် ဝင်ရောက်တိုက်စားမှုများကြောင့် စိုက်ကများနှင့် မီးရထားလမ်းပိုင်း တစ်လျှောက် အချို့နေရာများတွင် ထိခိုက်ပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် မြင့်တက်တိုက်စားခဲ့မှုကြောင့် တံတားအမှတ် ၆၉၁(အဆန်)၏ ရန်ကုန်ဘက်ခြမ်းတံတား ချဉ်းကပ်တာပေါင် ရေတိုက်စားပျက်စီးခဲ့မှုအား ရထားလမ်း ဖြုတ်သိမ်း၍ စက်ယာဉ်ယန္တရားများဖြင့် တာပေါင်မြေဖို့ပြုပြင် ဆောင်ရွက်ခြင်းနှင့် သံလမ်းပြန်လည်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရစီးအားဖြင့် မျောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတား ပေ ၉၀ ထိုး၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင်နေရာတို့သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရေစီးအားကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်-မန္တလေး လမ်းပိုင်းနှင့် သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းရထားလမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုထိခိုက်ပျက်စီးခဲ့မှုများကိုကြည့်၍ ရေအလုံးအရင်းဖြင့် စီးဆင်းမှုအား မည်မျှပြင်းထန်မည်ကို ခန့်မှန်း၍ရနိုင်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့စဉ် ရှမ်းကုန်းပြင်မြင့်ဘက်မှ စီးဆင်းလာခဲ့သည့် ရေစီးကြောင်းများနှင့် ၎င်းရေစီးကြောင်းများနှင့် အတူ မျောပါလာသည့် သစ်လုံးသစ်တုံးများ၊ နုန်းအနည်အနှစ်များကြောင့်လည်း ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက် ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးပြည့်မီရေးကို စာမျက်နှာ ၅ သို့ ⋙

- **ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးပြည့်မီရေးကို ဦးစားပေးဆောင်ရွက်သွားရန်လိုပြီး နောင်အလားတူဖြစ်ရပ်မျိုး ဖြစ်ပေါ်လာပါက ခံနိုင်ရည်ရှိစေရေးအတွက် စနစ်တကျ သုတေသနပြုတွက်ချက်၍ ဆောင်ရွက်သွားရန်လို**
- **ပြုပြင်မည့်ရထားလမ်းပိုင်းနေရာများနှင့် အသစ်တည်ဆောက်မည့် ရထားလမ်းပိုင်းနေရာများ၌ ရေဝင်ရေထွက်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုသကဲ့သို့ တံတားနေရာများ၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာမည့် ရေစီးကြောင်းအရှိန်ကို ထိန်းနိုင်မည့် ကျောက်စီနံရံများ ဆောင်ရွက်ခြင်း၊ ချောင်းဖြောင့်ခြင်းတို့ကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန်လို**